# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လွတ်လပ်ရေး၏အဓိပ္ပာယ်သည် အနှောင်အဖွဲ့ကင်းလွတ်ခြင်း၊ အချုပ်အခြာအာဏာဆိုသည်မှာ လွတ်လပ်ခြင်းနှင့် မိမိကိုယ်ပိုင်စီမံဆုံးဖြတ်ခွင့်ရှိခြင်းဖြစ် အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံသည် လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံးက ကိုယ်တိုင်စီမံလုပ်ကိုင်ဆုံးဖြတ်နိုင်ခွင့်ရှိ အနှောင်အဖွဲ့ကင်းပြီး မိမိကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိသောနိုင်ငံများကို အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံများအဖြစ် သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪

**ယနေ့ မာတိကာ**


ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲအတွက် တွန်းအားပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အစ္စရေးသို့ ရောက်ရှိ — နိုင်ငံတကာသတင်း — စာ ၁၃

ပြည်သူ့အကျိုးပြု သတင်းအချက်အလက်များအတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု — ဆောင်းပါး — စာ ၁၆

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

◆ **(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာကျင်းပသွားမည်ဖြစ်၊ ယခုနှစ်၏ (၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား”ဖြင့် ဆောင်ရွက်ရေး၊ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး၊ စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးတို့ဖြင့် ကျင်းပသွားမည်**

✪ ရွှေဖုံးမှ

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆပ်ကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စည်းလုံးညီညွတ်စွာဖြင့်ကြိုးပမ်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်၏ (၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား”ဖြင့် ဆောင်ရွက်ရေး၊ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး၊ စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

**လွတ်လပ်ရေးသည်အရေးကြီး**

လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသည့် ဦးတည်ချက်များသည် လွတ်လပ်ရေး၏ အနှစ်သာရကို ပိုမိုပေါ်လွင်စေကြောင်း၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်သည် အနှောင်အဖွဲ့ကင်းလွတ်ခြင်းကို ဆိုလိုကြောင်း၊ အချုပ်အခြာအာဏာဆိုသည်မှာ လွတ်လပ်ခြင်းနှင့် မိမိကိုယ်ပိုင်စီမံဆုံးဖြတ်ခွင့်ရှိခြင်းဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံသည် လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံးက ကိုယ်တိုင်စီမံလုပ်ကိုင်ဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အနှောင်အဖွဲ့ကင်းပြီး မိမိကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိသောနိုင်ငံများကို အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံများအဖြစ် သတ်မှတ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးသည် အရေးကြီးကြောင်း၊ အချို့နိုင်ငံများသည် လွတ်လပ်ကြသော်လည်း အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုမရှိကြကြောင်း၊ အချို့နိုင်ငံများသည် အချုပ်အခြာအာဏာ ပိုင်ဆိုင်ကြသော်လည်း လွတ်လပ်မှုမရှိကြကြောင်း၊ ထိုသို့သောနိုင်ငံများကို ကမ္ဘာပေါ်တွင် တွေ့မြင်နေရကြောင်း။

**စည်းလုံးမှုများကို တွေ့မြင်ရမည်**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပိုင်ဆိုင်မှုအခွင့်အရေးများကို ဆုံးရှုံးမသွားစေရေး နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသည်ဖြစ်သည့်အတွက် လွတ်လပ်ရေးကို မဆုံးရှုံးအောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရန်အတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသော်လည်း ပျက်ဆီးဆုံးရှုံးရန်မှာ တစ်ရက်တစ်မနက်နှင့်ပင် ဆုံးရှုံးသွားနိုင်သည့်အခြေအနေများကို ကမ္ဘာ့နိုင်ငံများတွင် တွေ့မြင်ရကြောင်း၊ ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ ပိုမိုတွေ့ရှိရသည်မှာ Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်းများကို တွေ့မြင်နေရကြောင်း၊ နိုင်ငံပေါင်းစုံ စုပေါင်း၍ အစည်းအဝေးလုပ်သည့်နေရာမျိုးတွင်ပင် သူတစ်လူ ငါတစ်မင်းဖြင့် Globalization ခေါ် ကမ္ဘာ့ရွာကြီးဖွံ့ဖြိုးတိုးတက်ရန် တိုင်ပင်ဆွေးနွေးရမည့်အစား ကမ္ဘာ့ရွာကြီးပျက်ပြားအောင် မိမိလိုရာသို့ဆွဲ၍ ရန်စကားပြောဆိုခြင်းများဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်နေရကြောင်း၊ Hegemony ဗိုလ်ကျစိုးမိုးခြင်းကိစ္စရပ်များ၊ Multilateralismနှင့် Unilateralism အင်အားပြိုင်မှုကိစ္စရပ်များ၊ ငါနှင့်မတူ၍ ငါ့ရန်သူဆို၍ ဖိအားပေးသောကိစ္စရပ်များ၊ ငါနှင့်တူသော်လည်း ငါ့အလိုကျ ကြိုးဆွဲကနိုင်ရန်အတွက် Proxy ခေါ် ရုပ်သေးအစိုးရဖြစ်စေရေး ကြိုးစားမှုများကို ယနေ့ကမ္ဘာ့အရပ်ရပ်နိုင်ငံရေးဇာတ်ခုံတွင် တွေ့ရှိရကြောင်း၊ မိမိနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံကြီးများအကြားတွင်ရှိပြီး တိုင်းရင်းသားပေါင်းစုံ လူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသည့်အတွက် သွေးခွဲပြီး ၎င်းတို့အလိုကျ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ခွင့်မရှိသည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းနေကြသည့်အတွက် အချုပ်အခြာအာဏာပိုင်ခွင့် မဆုံးရှုံးအောင် စုစည်းစွမ်းအား၊ ပေါင်းစည်းစွမ်းအားဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ သတိပြုနိုင်ရေးအတွက် အနှစ်သာရရှိသည့် ဦးတည်ချက်များကို နိုင်ငံတော်ဝန်ကြီးချုပ်က ရွေးချယ်ချမှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ဦးတည်ချက်ထဲတွင် စုစည်းမှုများ၊ စည်းလုံးမှုများကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

လွတ်လပ်ရေးနေ့အခမ်းအနားများကို ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များဖြင့် အဓိပ္ပာယ်ပြည့်ဝစွာ နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပပေးလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်များကို ဘက်စုံထောင့်စုံမှ လစ်ဟာမှုမရှိစေရန် သတိ၊ ဝီရိယအပြည့်အဝဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက လုပ်ငန်းတာဝန်များ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွပ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွပ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆပ်ကော်မတီများအနေဖြင့် ငွေကြေးသုံးစွဲမှုများတွင် အလေအလွင့်မရှိစေရေး၊ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါရှိစေရေး၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ပြီး လွတ်လပ်ရေးအနှစ်အရသာကို အများပြည်သူများ သိရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်ဖွင့်လှစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**
မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1)၊ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

(၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံဖွင့်ပွဲအခမ်းအနားသို့ အထူးဧည့်သည်တော် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) ဥက္ကဋ္ဌ Mr. Ahmed Naser Al-Raisi၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့်ရဲအရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Dialogue Partners) ဖြစ်သည့် ရုရှား၊ ဩစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Observers) ဖြစ်သည့် တီမောလက်စ်တေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(UAE) တို့မှ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ သံတမန်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂါရဝပြုတွေ့ဆုံ**

ညီလာခံဖွင့်ပွဲမတိုင်မီ အထူးဧည့်သည်တော် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL) ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဂုဏ်ထူးဆောင်ဧည့်သည်တော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ရှိ အခန်းအမှတ် (၂၀၀၄) ၌ ဂါရဝပြုတွေ့ဆုံကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီ မိနစ် ၂၀ မှ ၉ နာရီ ၃၅ မိနစ်အထိ ကျင်းပရာ အလံကိုင်အဖွဲ့ ဝင်ရောက်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေခြင်း၊ မြန်မာနိုင်ငံတော်သီချင်းနှင့် အာဆီယံရဲအဖွဲ့သီချင်းများ တီးမှုတ်ဂုဏ်ပြုခြင်း၊ တရားဥပဒေစိုးမိုးရေး တာဝန်များ ထမ်းဆောင်ရင်းကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များအတွက် ဆုတောင်းစကားပြောကြားခြင်းနှင့် အမှတ်ရသောအားဖြင့် ၁ မိနစ် ငြိမ်သက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အာဆီယံရဲအဖွဲ့ထူထောင်ခဲ့သည့်နေ့ အထိမ်းအမှတ်အစီအစဉ် ဖွင့်လှစ်ပေးခြင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်သည့်နေ့ အထိမ်းအမှတ်အဖြစ် ၁၉၈၁ ခုနှစ်မှ ယနေ့အထိ အာဆီယံရဲအဖွဲ့၏ ဆောင်ရွက်ချက်များကို ဗီဒီယိုပြသခြင်း၊ အထူးဧည့်သည်တော်က အမှာစကားပြောကြားခြင်း၊ ဂုဏ်ထူးဆောင်ဧည့်သည်တော်က ညီလာခံအဖွင့်မိန့်ခွန်းပြောကြား၍ (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို တရားဝင်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တစ်ပြိုင်နက်တည်း ကျင်းပ**

ထို့နောက် ညီလာခံပထမနေ့အဖြစ် ယနေ့တွင် ပထမအကြိမ် စုံညီအစည်းအဝေး၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ ဆွေးနွေးမှုဖိုရမ်၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ/အဖွဲ့အစည်းများအကြား ဆွေးနွေးမှုဖိုရမ်တို့ကို ပြုလုပ်၍ ကော်မရှင်(အေ)၊ ကော်မရှင်(ဘီ)နှင့် ကော်မရှင်(စီ)အစည်းအဝေးများကို တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်သည်။

ကော်မရှင် (အေ)နှင့် ကော်မရှင် (ဘီ) အစည်းအဝေးများတွင် နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းနယ်ပယ်များဖြစ်သော မူးယစ်ဆေးဝါးမှောင်ခိုမှု (Illicit Drug Trafficking)၊ အကြမ်းဖက်မှု (Terrorism)၊ လက်နက်မှောင်ခိုမှု(Arms Smuggling)၊ လူကုန်ကူးမှု (Trafficking in Person)၊ တောရိုင်းတိရစ္ဆာန်ဆိုင်ရာပြစ်မှု (Wildlife Crime)၊ ပင်လယ်ရေကြောင်းဆိုင်ရာလိမ်လည်မှု (Maritime Fraud)၊ စီးပွားရေးဆိုင်ရာမှုခင်း၊ ဘဏ်မှုခင်းများ၊ ခရက်ဒစ်ကတ်လိမ်လည်မှု (Commercial Crimes၊ Bank Offences and Credit Card Fraud)၊ ဆိုက်ဘာရာဇဝတ်မှု (Cybercrime)၊ ခရီးသွားစာရွက်စာတမ်းအတုပြုလုပ်မှု (Fraudulent Travel Document) နှင့် နိုင်ငံဖြတ်ကျော်လိမ်လည်မှု(Transnational Fraud)တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကော်မရှင်(စီ) အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား အီလက်ထရောနစ် Database စနစ် (e-ADS) အသုံးပြုရေး၊ မှုခင်းဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေး၊ အာဆီယံရဲအဖွဲ့များအကြား အပြန်အလှန်လေ့ကျင့်သင်တန်းပေးရေးနှင့် အာဆီယံရဲအဖွဲ့ မှုခင်းသိပ္ပံကွန်ရက်တည်ထောင်ရေး စသည့် အကြောင်းအရာ လေးရပ်ကို ဆွေးနွေးကြမည်ဖြစ်ပြီး ကော်မရှင်များအလိုက် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို စုစည်း၍ ပူးတွဲကြေညာချက် (မူကြမ်း) ပြုစုကြမည်ဖြစ်ကြောင်း သိရှိရသည်။

**အမျိုးသားပြတိုက်သို့**
**သွားရောက်လေ့လာ**

ထို့နောက် ဧည့်သည်တော်များ၏ ဇနီးသည်များသည် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ခြင်းနှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် လာအိုနိုင်ငံနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် တစ်နှစ်အကြာ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် ၂ နှစ်အကြာ ၂၀၀၀ ပြည့်နှစ်တွင် အကြိမ် (၂၀) မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ် (ယခု ရန်ကုန်ရှန်ဂရီလာဟိုတယ်)၌ ပထမဆုံးအကြိမ် လက်ခံကျင်းပပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော် သင်္ဂဟဟိုတယ်၌ ဒုတိယအကြိမ် လက်ခံကျင်းပပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို တတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ညီလာခံ၏ ဆောင်ပုဒ်မှာ "နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ဖို့ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှု ခိုင်မာအားကောင်းရေး ဆောင်ရွက်စို့ (Strengthening Regional and Global Partnerships to Combat Transnational Crime)" ဖြစ်ကြောင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်ခဲ့သည့်နေ့ အထိမ်းအမှတ်အစီအစဉ်သည် ၁၉၈၁ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်တွင် အာဆီယံရဲအဖွဲ့ စတင်ထူထောင်ခဲ့ပြီးနောက် ၄၃ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပထမဆုံးအကြိမ် လက်ခံကျင်းပပေးနိုင်ခဲ့သည့် ညီလာခံအစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။ (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၂**
မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တော်လှန်ရေးအကြောင်းပြ စတေးခံ PDF အကြမ်းဖက်သမားများ၏ ဘဝနှင့် ကိုယ်ကျိုးရှာအလှူခံ ပြည်ပသို့ရွှေ့ပြောင်းသူများရဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကိုလုပ်ကြံသတ်ဖြတ်လျက် အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ဝ၉၈၉၉ဝ၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**
မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
**အမိန့်အမှတ် ၅၀ / ၂၀၂၄**
၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကိုကိုကျော်အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများ အနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်း ကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် – ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ –၄၃၁၃၃၉ သို့လည်း **ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်း ကော်မရှင်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လာအိုနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**


အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Sonexay Siphandone အား ယနေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးသည်။

**တာဝန်ရှိသူများတက်ရောက်**

ဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်း**

တွေ့ဆုံစဉ် နှစ်နိုင်ငံအလုပ်သမားဝန်ကြီးဌာနများအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်တို့အား လက်မှတ်ရေးထိုး၍ နှစ်နိုင်ငံကတိကဝတ်တို့ဖြင့် ပုံမှန်အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ နယ်စပ်ဖြတ်ကျော်အလုပ်သမားများ၏ အထောက်အထား ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းအလုပ်သမားရေးရာနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို အလေးထားပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် အထောက်အကူပြုစေမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Sonexay Siphandone တို့ တွေ့ဆုံဆွေးနွေးစဉ်။

**တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗီယင်ကျန်းမြို့ရှိ Alpilao International Sole Limited စက်ရုံသို့ သွားရောက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံပြီး အလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံတွင် မိမိရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့် ချိတ်ဆက်ထားသော နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်း သို့မဟုတ် အများဆုံး ၃ လလျှင်တစ်ကြိမ် ၃ လစာ စုစုပေါင်း၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ လွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်း၊ တရားမဝင်နည်းလမ်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့လာသည့်အတွက် အလုပ်သမားများအနေဖြင့် ငွေကြေးလိမ်လည်ခံရမှုများ ကြုံတွေ့ရလျက်ရှိကြောင်း၊ အလုပ်သမားများရရှိမည့် အခြေခံလုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းကို ပြန်လည်လွှဲပြောင်းပေးပို့စေခြင်းသည် နိုင်ငံတော်သို့လွှဲပြောင်းပေးပို့ရခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံတွင်ကျန်ရှိသည့် မိသားစုဝင်များထံသို့သာ တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ခိုင်းခြင်းဖြစ်သည်ကို သိရှိနားလည်စေလိုကြောင်း ရှင်းလင်းပြောကြားပြီး စက်ရုံများမှ မြန်မာအလုပ်သမားများအတွက် သီတင်းကျွတ်အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ Mr. Vorozhtsov Alexander Borisovich၊ Tomsk ပြည်နယ်တက္ကသိုလ်သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ဝဲပုံ)**



ထိုသို့တွေ့ဆုံစဉ် Tomsk State University ၌ သင်ကြားပို့ချပေးလျက်ရှိသော စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ ဘာသာရပ်များ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဘာသာရပ်များ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များအပါအဝင် အခြားသော ဘာသာရပ်ဆိုင်ရာ နယ်ပယ်များတွင် သင်ကြားပို့ချပေးနေမှုများ၊ Bachelor ၊ Master ၊ Ph.D Degree Programme များတွင် ပါဝင်ယှဉ်ပြိုင် လျှောက်ထားနိုင်မည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University နှင့် မြန်မာနိုင်ငံ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များအကြား ပညာရပ်ဆိုင်ရာနှင့် အကျိုးပြုသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ Exchange Visits၊ Seminar များ၊ Webinar များ တက်ရောက်နိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးရေး ညှိနှိုင်းဆောင်ရွက်မည့်အခြေအနေများ၊ Schlorship ပညာသင်ဆု လျှောက်ထားနိုင်မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း) တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ထိရောက်မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေး

## သန်းခေါင်စာရင်းကောက်ယူရန် ကျန်ရှိနေသူများ၊ Unique ID နံပါတ်ရရှိခြင်းမရှိသေးသူများအား ဆက်သွယ်အသိပေး

**နေပြည်တော် အောက်တိုဘာ ၂၂**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူမျိုးပေါင်းစုံ/ ဘာသာပေါင်းစုံ ကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

**ဆက်လက်လျှောက်ထားကြရန်လို**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားဆိုင်ရာ မည်သည့်ကတ်ပြားမျှ ရရှိကိုင်ဆောင်ထားခြင်းမရှိသူများအနေဖြင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV Card) ကို ကိုင်ဆောင်ကြရန်နှင့် နိုင်ငံသားဖြစ်မှုအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်လျှောက်ထားကြရန် လိုအပ်ပါကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်းပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**စာရင်းတိကျမှန်ကန်စွာ ပြုစု**

ယင်းလုပ်ငန်းများသည် အထွေထွေရွေးကောက်ပွဲ ကျင်းပရာ၌ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်စွာ ပြုစုနိုင်ရေးတို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုအခါ e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူတစ်ဦးချင်းစီ၏ Bio-graphic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

**အသိပေးတိုက်တွန်းနှိုးဆော်**

ယခုတက်ရောက်လာကြသူများအနေဖြင့် မိမိသော်လည်းကောင်း၊ မိမိပတ်ဝန်းကျင်နှင့် အဖွဲ့အစည်းများတွင်လည်းကောင်း သန်းခေါင်စာရင်းကောက်ယူရန် ကျန်ရှိနေသူများ၊ Unique ID နံပါတ်ရရှိခြင်းမရှိသေးသူများအား မိမိတို့ဌာနဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးတိုက်တွန်းနှိုးဆော်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် တက်ရောက်လာကြသည့် လူမျိုးပေါင်းစုံ/ဘာသာပေါင်းစုံ ကိုယ်စားလှယ်များက သက်ဆိုင်ရာအဖွဲ့ မိသားစုဝင်များအတွက် နိုင်ငံသားဆိုင်ရာ ကိုင်ဆောင်ကတ်ပြားရရှိရေးအတွက် တင်ပြလျှောက်ထားမှုများ၊ ကိုယ်ရေးဆိုင်ရာအထောက်အထား စာရွက်စာတမ်းများတင်ပြရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဖြေလျှော့ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာနေကြသည့် ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်နိုင်ရေး၊ သန်းခေါင်စာရင်းကောက်ယူရေးနှင့် Unique ID နံပါတ်ရရှိရန် အသိပေးဆောင်ရွက်သွားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**ပံ့ပိုးကူညီဆောင်ရွက်**

ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာ မျိုးသန့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်ရေးနှင့် ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အဆင်ပြေမြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပွင့်ဖြူမြို့နယ်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက လျာထားစိုက်ပျိုးသွားမည်

**ပွင့်ဖြူ အောက်တိုဘာ ၂၂**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ဆောင်းသီးနှံ ထောပတ်ပဲ ၇၇၃၂ ဧက လျာထားစိုက်ပျိုးသွားမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။



ပွင့်ဖြူမြို့နယ် အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေ တိုးပွားစေရန်နှင့် စားနပ်ရိက္ခာဖူလုံပိုလျှံစေရေးအတွက် ထောပတ်ပဲသီးနှံအား စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီရေးအတွက် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေဖို့၊ စားနပ်ရိက္ခာ ဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ တောင်သူတွေကိုလည်း ဆောင်းသီးနှံစိုက်ပျိုးရေး လုပ်ငန်းနဲ့ပတ်သက်ပြီး သတ်မှတ်စိုက်ဧကတွေ ပြည့်မီအောင် စိုက်ပျိုးကြဖို့၊ ပန်းတိုင်အထွက်နှုန်းများ ရရှိအောင်ကြိုးပမ်းဆောင်ရွက်ကြဖို့နဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ထားပါတယ်။ ယခု လက်ရှိမှာ တောင်သူတွေက ဆောင်းသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် လယ်ယာမြေ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ထောပတ်ပဲသီးနှံ စိုက်ပျိုးခြင်းကို နိုဝင်ဘာလဆန်းလောက်မှာ စတင်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆောင်းသီးနှံအလိုက် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းများ ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး နည်းပညာများနှင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ သွင်းအားစုပစ္စည်းများ စနစ်တကျ သုံးစွဲတတ်စေရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ Mr. Vorozhtsov Alexander Borisovich နှင့် ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University (TSU)တို့အကြား တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံတက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ သုတေသနဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ မြန်မာ – ရုရှား သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်ပြီး ကျွမ်းကျင်ပညာရှင်များနှင့် လူငယ်သိပ္ပံပညာရှင်များ လာရောက်ခြင်းနှင့် ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ ပညာတော်သင်ရရှိရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# လှည်းကူးမြို့နယ် စံပြကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စံပြကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စံပြမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။(ဝဲပုံ)

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၇၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြင်းဒိုက်–ကမ္ဘားနီ–စေတီတောင်– ဆင်တောင်–ခွေးရုပ်လမ်းပျက်စီးမှု ကြည့်ရှုစစ်ဆေး

**သာစည် အောက်တိုဘာ ၂၂**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သော မြင်းဒိုက်–ကမ္ဘားနီ–စေတီတောင်–ဆင်တောင်–ခွေးရုပ်လမ်းကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်၊ မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)ဒေါ်ပိုပိုချစ်တို့သည် ယမန်နေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

သာစည်မြို့နယ်၌ စက်တင်ဘာလတွင် မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တောင်ပေါ်ဒေသကျေးရွာများဖြစ်သည့် မြင်းဒိုက် – ကမ္ဘားနီ – စေတီတောင် – ဆင်တောင် – ခွေးရုပ်ကျေးရွာတို့ ဆက်သွယ်သွားလာသည့် လမ်းအရှည် (၈/၀) မိုင်ကျော်လမ်းသည် တောင်ကျချောင်းရေတိုက်စားမှုကြောင့် လမ်းသားပဲ့ကျခြင်း၊ တောင်ပြိုခြင်း၊ လမ်းပိုင်းပြတ်ခြင်းတို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ လတ်တလောသွားလာရေး အဆင်ပြေနိုင်စေရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ တောင်ပြိုမြေများ ဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ပေး ငွေများပေးအပ်ခဲ့ကာ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားနိုင်ရေးအတွက် မြေပြင်အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။(ယာပုံ)

အဆိုပါ မြင်းဒိုက်–ကမ္ဘားနီ–စေတီတောင်–ဆင်တောင်–ခွေးရုပ်လမ်းသည် ကျေးရွာကိုးရွာ ဆက်သွယ်သွားလာနေသော လမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၅) ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ပါသည်–

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ (ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ရှောဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ရှောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် ကချင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသက် (၂၀)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

မြစ်ကြီးနား အောက်တိုဘာ ၂၂

**၂၀၂၄ ခုနှစ် ကချင်ပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အသက် (၂၀) အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီက ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။**



ဖွင့်ပွဲအခမ်းအနားသို့ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ကချင်ပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလအောင်က ကချင်ပြည်နယ်၏ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရေး၊ လူငယ်လက်ရွေးစင် ကစားသမား အမြောက်အမြား ပေါ်ထွန်းလာစေရေးနှင့် အမျိုးသားအားကစားပွဲတော်အတွက် လူငယ်ကစားသမားများ ရွေးချယ်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘောလုံးကွင်းအတွင်းရှိ ဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်နယ်ဘောလုံးအဖွဲ့ဥက္ကဋ္ဌတို့က ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြပြီး ဘောလုံးများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် အကအဖွဲ့များ၊ စက်ဘီးအဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြကာ ပြည်နယ်ဝန်ကြီးများက ဖျော်ဖြေရေး အဖွဲ့များအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ပြီး အဖွင့်ပွဲစဉ်အဖြစ် မန်ခိန်အသင်းနှင့် မလိခအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့ပေါ်ရပ်ကွက်များ၊ ကလပ်အသင်းများမှ ဘောလုံးအသင်းပေါင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲဝင် ဘောလုံးအသင်းများမှ လူငယ်ကစားများကို စိစစ်ရွေးချယ်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် ပဋ္ဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်ကိုယ်စားပြု ယှဉ်ပြိုင်အောင်နိုင်မှု ရရှိရေးအတွက် စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်အနေဖြင့် ဘောလုံးအားကစာနည်းတွင် ယခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် (၁၆) နှစ်ကြာ ဝေးကွာခဲ့သော ဘောလုံးတံခွန်စိုက်ဒိုင်းဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**မုံရွာ အောက်တိုဘာ ၂၂**



ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သူနာပြုနှင့်သားဖွားသင်တန်း ကျောင်းဝင်းအတွင်း ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးခင်မောင်အေး၊ ကလေးတပ်နယ်မှူးနှင့် ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘင်ခရာ/ပန်းဖွားအဖွဲ့၊ ကဗျာလွတ် အကအဖွဲ့များနှင့် အားကစားအဖွဲ့များအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပေးခြင်းဖြင့် ကျောင်းသားလူငယ်များ စာကြည့်တိုက်ကို အသုံးပြုတတ်စေရန် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဘက်စုံဖွံ့ဖြိုးပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ပေါ်ထွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ယနေ့လူငယ်များ အပါအဝင် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စာဖတ်ကြစေရန် စာပေဖတ်ရှုလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးသွားကြရန်လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် စာတတ်ရုံ အတတ်ပညာ ပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်ဖြင့် အသိပညာပြည့်ဝပြီး ဗလငါးတန်ပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာစေရန် တာဝန်ရှိသူများနှင့် မိဘ၊ ဆရာများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကလေးမြို့ အခြေခံပညာ ကျောင်းများရှိ ကျောင်းစာကြည့်တိုက် ကိုးတိုက်အတွက် တစ်ကျောင်းလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ သုတ / ရသ စာအုပ်များကို ကလေးမြို့ပေါ်ရှိ အခြေခံပညာ ကျောင်းအုပ်ကြီးများထံ ထောက်ပံ့ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြု ဆုလက်မှတ်များအား ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ရရှိစေရန်အတွက် အဆိုပါ ကျောင်းဝင်းအတွင်း ခင်းကျင်းပြသထားသည့် လူမှုဝန်ထမ်းဦးစီးဌာန ပြခန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ပြခန်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနပြခန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ ပြခန်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ပြခန်းများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေး ဒီပလိုမာပထမနှစ်သင်တန်းများ နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၂၂**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ပထမနှစ် ဒီပလိုမာသင်တန်းများကို နိုင်ဝင်ဘာ ၂၃ ရက်တွင် နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၌ တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာပထမနှစ် သင်တန်းသားများ ရွေးချယ်ခြင်းအစည်းအဝေးမှ သိရသည်။

ထိုသို့ ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာပထမနှစ် သင်တန်းသားများ ရွေးချယ်ခြင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါအစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်နှင့် ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ၁၄ ကျောင်းမှ ကျောင်းအုပ်ကြီးများ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စိုက်ပျိုးရေးဒီပလိုမာတတိယနှစ် အငယ်တန်း၊ မွေးမြူရေးဒီပလိုမာတတိယနှစ် သင်တန်းများ၏ စာမေးပွဲ အောင်/ရှုံး ဆုံးဖြတ်အတည်ပြုခြင်းကိုလည်း ဆောင်ရွက်ကြကြောင်း သိရသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများတည်ရှိရာဒေသကို စိုက်ပျိုးရေးကဏ္ဍ၏ စံနမူနာပြ ဒေသများအဖြစ် ဖော်ဆောင်နိုင်ရေး ကြိုးပမ်းသွားရေးကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရုရှားရေတပ် Russian Pacific Fleet မှ ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင်နှင့် စစ်ရေယာဉ်မှူးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလာသော ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့်အဖွဲ့ဝင်များအား ရေတပ်လေ့ကျင့်ရေးဌာနချုပ် အဏ္ဏဝါသီရိရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်များအကြား ရေကြောင်းလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်း၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံရေတပ်များအကြား အပြန်အလှန်ဆက်ဆံမှုကိစ္စရပ်များ၊ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်မှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရုရှားရေတပ် Russian Pacific Fleet မှ ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင်နှင့် စစ်ရေယာဉ်မှူးများအား တပ်မတော် (ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး လက်ခံတွေ့ဆုံစဉ်။




## တောင်ငူမြို့ နယ်မြေခံသင်တန်းကျောင်းတွင် သင်တန်းတက်ရောက်နေသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေးဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး သင်တန်းသားများအား အားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

❒ *ကျောဖုံးမှ*

နော်တင်ဟမ် အသင်းကလည်း စက်တင်ဘာ ၂၂ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်ရန် အီလန်ဂါ၊ အန်ဒါဆင်၊ ဟွတ်ဆင် အိုဒွိုင်း၊ ခရစ္စဝုဒ်စသည့် အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

**ပထမဆုံးအိမ်ကွင်းနိုင်ပွဲ**

နှစ်သင်းကြား ခြေစွမ်းကွာဟမှု သိသိသာသာ မရှိသည့်အတွက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပွဲချိန်တစ်လျှောက် အကြိတ်အနယ်ရှိခဲ့သည်။ သို့သော်လည်း အိမ်ရှင်နော်တင်ဟမ်အသင်းက ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ဖန်တီးနိုင်မှုနှင့်အတူ အရေးပါသည့် ပထမဆုံး အိမ်ကွင်းနိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

နော်တင်ဟမ် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အားထားရသည့် တိုက်စစ်ကစားသမား ခရစ္စဝုဒ်က ပွဲချိန် ၆၅ မိနစ်တွင် ပြိုင်ဘက်ဂိုးသမား ဟန်ဒါဆင်၏ အမှားမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။

**အဆင့် (၈) တွင်ရပ်တည်နိုင်**

နော်တင်ဟမ် အသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ်နိုင်ပွဲ သုံးပွဲအထိရှိလာပြီး ရမှတ် ၁၃ မှတ်ဖြင့် နာမည်ကြီး မန်ယူအသင်းအထက် အဆင့် (၈) တွင် ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ဘက် ပဲလေ့စ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ရှုံးပွဲ ငါးပွဲအထိရှိလာပြီး ရမှတ် သုံးမှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက် ရပ်တည်နေသည်။

လာမည့်ပွဲစဉ်တွင် နော်တင်ဟမ်အသင်းက ကစားရခက်ခဲသည့် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပဲလေ့စ်အသင်းက တိုက်စစ်ထက်မြက်သည့် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## ရေချွေတာရေး နည်းလမ်းများ

- ❇ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❇ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❇ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❇ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❇ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# နိုင်ငံသားတစ်ဦးတစ်ယောက်၏ စိတ်ဓာတ် စည်းကမ်း ပညာ

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

**“မြန်မာ့အခြေခံပညာရေးကို စာမေးပွဲက သိပ်လွှမ်းမိုးခဲ့တယ်၊ ကလေးတွေကို ဂုဏ်ထူးနဲ့ ခြိမ်းခြောက်တယ်၊ အမှတ်နဲ့ ခြိမ်းခြောက်တယ်။ ဒီတော့ကလေးတွေဟာ ဘယ်ဘက်ကို ရောက်သွားသလဲဆိုရင် အလွတ်ကျက်တဲ့ဘက်ကို ရောက်သွားတဲ့အတွက် တီထွင်ကြံဆမှုဘက်မှာ အားလျော့မယ်၊ သူ့ရဲ့ initiative, creativity ဒါတွေမှာ သူလျော့နည်းသွားမှာပဲ။ တကယ်ကမ္ဘာကြီးနဲ့ ရင်ပေါင်တန်းဖို့အတွက် ကျွန်တော်တို့ ဘယ်လိုကလေးမျိုး ဖြစ်ချင်တာလဲ၊ textbook ထဲက ဟာတွေကို အလွတ်ကျက် ရသွားတဲ့ကလေးမျိုး၊ အဲဒီ အလွတ်ကျက်ကို အားပေးတဲ့မေးခွန်းတွေနဲ့ အမှတ်တွေပေးပြီးတော့ တွန်းပို့ခြင်းခံရတဲ့ ကလေးမျိုးရချင်တာလား။ ဒီနေ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တဲ့ ကလေးမျိုးကို မွေးထုတ်မလား။ ကျွန်တော်တို့ရဲ့ ပညာရေးလောကသားအားလုံး စဉ်းစားသင့်ပါတယ်”**

*(ယမန်နေ့မှအဆက်)*

လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးထားတဲ့ ဆရာဟာ ခေတ်နောက်ကျနေခဲ့ရင် အနာဂတ်ဟာ မျှော်လင့်ချက်မရှိဘူး။ လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးတဲ့ ဆရာဟာ ဆန်းသစ်တဲ့ စိတ်ကူးတွေ ခံယူနိုင်စွမ်းမရှိ ရပ်တန့်နေခဲ့ရင် သူမွေးထုတ်ပေးတဲ့ လူ့စွမ်းအား အရင်းအမြစ်က ဘယ်နည်းနဲ့မှ အနာဂတ်ကို ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး။ ဆရာတွေဟာ ပညာရေးမျှော်မှန်းပန်းတိုင်ရောက်ဖို့ လမ်းညွှန်ရာမှာ ကြိုးစားပမ်းစားနဲ့ ပညာတွေပေးလို့ လူထုရဲ့ အားကိုးရာဖြစ်ပါတယ်။ ဆရာရဲ့ တွေးခေါ်ပုံတွေ၊ ပြောပုံဆိုပုံတွေ၊ ပြုမူပုံတွေဟာ ကျောင်းသားတပည့်တွေဆီ စီးဆင်းပါတယ်။ ကျောင်းသားဆီကို ရောက်သွားတာကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုး အထူးသတိမူ ရပါမယ်။

**ဆရာ ဆရာမတွေဟာ အဖိုးတန်လူငယ်လူရွယ်၊ လူရည်ချွန်၊ လူရည်မွန်တွေဖြစ်အောင် အားထုတ်ကြရမယ်။ လွယ်လွယ်ပဲသွားတဲ့ Easy going ဆရာတွေရဲ့ လက်ထဲက ကျောင်းသားဟာ လွယ်လွယ်ပဲသွားတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့် ဆရာဟာ အမြဲတမ်း ဆန်းသစ်တဲ့ အယူအဆရှိနေရမယ်။ ဆရာဟာ အတွေးအခေါ်၊ အယူအဆ လုံးဝရှင်သန်နေရမှာပါ။ ဆရာဟာ တစ်နေရာမှာ ရပ်နေခဲ့တယ်ဆိုတာ မဖြစ်စကောင်းဘူး။ ထူးချွန်ပြောင်မြောက်တဲ့၊ တီထွင်ကြံဆနိုင်တဲ့ လူမဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့ လူတော့အနည်းဆုံး ဖြစ်သွားစေရမယ်။ ဆိုးသွမ်းလူငယ်တွေမဖြစ်ဘဲ စည်းကမ်းရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရပါမယ်။**

## ပညာရေးလောကသားများ စဉ်းစားသင့်

အနာဂတ်ပညာရေးဟာ လေ့လာနိုင်စွမ်းရှိအောင် ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း၊ နက်နက်နဲနဲ ခဲရာခဲဆစ် ပြဿနာတွေနဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်စေဖို့ ပညာရေးက လေ့လာစရာ နယ်ပယ်တွေကို မြင်နိုင်စွမ်းရှိအောင် မျှော်မှန်းဆောင်ရွက်နေရတာကိုလည်း တွေ့မြင်ရပါတယ်။

မြန်မာ့အခြေခံပညာရေးကို စာမေးပွဲက သိပ်လွှမ်းမိုးခဲ့တယ်၊ ကလေးတွေကို ဂုဏ်ထူးနဲ့ ခြိမ်းခြောက်တယ်၊ အမှတ်နဲ့ ခြိမ်းခြောက်တယ်။ ဒီတော့ ကလေးတွေဟာ ဘယ်ဘက်ကို ရောက်သွားသလဲဆိုရင် အလွတ်ကျက်တဲ့ဘက်ကို ရောက်သွားတဲ့အတွက် တီထွင်ကြံဆမှုဘက်မှာ အားလျော့မယ်၊ သူ့ရဲ့ initiative, creativity ဒါတွေမှာ သူလျော့နည်းသွားမှာပဲ။ တကယ်ကမ္ဘာကြီးနဲ့ ရင်ပေါင်တန်းဖို့အတွက် ကျွန်တော်တို့ ဘယ်လိုကလေးမျိုး ဖြစ်ချင်တာလဲ၊ textbook ထဲကဟာတွေကို အလွတ်ကျက်ရသွားတဲ့ကလေးမျိုး၊ အဲဒီ အလွတ်ကျက်ကို အားပေးတဲ့ မေးခွန်းတွေနဲ့ အမှတ်တွေပေးပြီးတော့ တွန်းပို့ခြင်းခံရတဲ့ ကလေးမျိုးရချင်တာလား။ ဒီနေ့စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တဲ့ ကလေးမျိုးကို မွေးထုတ်မလား။ ကျွန်တော်တို့ရဲ့ ပညာရေးလောကသား အားလုံး စဉ်းစားသင့်ပါတယ်။

ကျောင်းဆိုတဲ့အဖွဲ့အစည်းမှာ အရေးကြီးတဲ့ လူကိုရှာတော့ ဆရာကို ပထမဆုံးတွေ့ရပါတယ်။ ကျောင်းတစ်ကျောင်း ထက်မြက်လာဖို့ အဓိကပုဂ္ဂိုလ်ဟာ “ဆရာ” ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာမြှင့်တင်မှုတွေကို ဘယ်လိုပဲချချ သော့က ဘယ်သူ့လက်ထဲမှာရှိသလဲ ဆိုတော့ ဆရာ ဆရာမတွေ၊ ကျောင်းအုပ်ကြီးတွေ လက်ထဲမှာ ရှိပါတယ်။ ကာယကံမြောက် အကောင်အထည်ဖော်ရမှာက ဆရာ ဆရာမတွေဖြစ်ပါတယ်။ ကထိကတွေ၊ ပါမောက္ခတွေ ဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံးဟာ ကျောင်းကို၊ တက္ကသိုလ်တွေကို အားထားပါတယ်။ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်အားလုံးဟာ လူကြီးလူငယ်မရွေး သင်ယူနိုင်မယ့် ဗဟိုချက်မတွေဖြစ်ဖို့ နှစ်လုံးပေါက် အားထုတ်နေရပါတယ်။ ဘာကြောင့်ပါလဲ။ သမိုင်းစဉ်တစ်လျှောက်မှာ လူသားဟာ လက်ရှိအသိဉာဏ်စွမ်းရည်၊ ကိုယ်ကျင့်သိက္ခာ၊ နှလုံးရည် စွမ်းရည် အမြဲတမ်းဖွံ့ဖြိုးနေစေရေးအတွက် ပညာရေးစနစ်၊ နည်းလမ်းတွေကို ဆုပ်ကိုင်ပြီး မည်သည့်မျှော်မှန်းချက်တွေထားသင့်တယ်ဆိုတာတွေကို ရှာဖွေနေရတဲ့ ကာလကြီးဖြစ်ပါတယ်။

ကောလိပ်နဲ့ တက္ကသိုလ်တွေဟာ ကမ္ဘာ့တိုးတက်ပြောင်းလဲမှုတွေကို တုံ့ပြန်နိုင်မယ့် အရည်အသွေးကို ရအောင်၊ မျက်မှောက်ကာလဖြစ်ပေါ်မှုတွေအပြင် အနာဂတ်ရဲ့ တောင်းဆိုမှုတွေနဲ့ လိုက်လျောညီထွေမှု ရှိအောင်၊ ရှိစေမယ့် သင်ရိုးညွှန်းတမ်းတွေဖြစ်ဖို့ အားထုတ်နေကြရပါတယ်။ အကောင်းဆုံး သင်ရိုးညွှန်းတမ်းအတွက် အရည်အသွေး ဘက်စုံမြင့်တဲ့ ဆရာလိုပါတယ်။ ဆရာက အလွန်ကောင်းတယ်။ သင်ရိုးညွှန်းတမ်း ညံ့ရင်လည်းပဲ ပညာရေးက လိုချင်တဲ့ ရလဒ်ရမှာ မဟုတ်တဲ့အတွက် အကောင်းဆုံး သင်ရိုးညွှန်းတမ်းတစ်ခုအတွက် အကောင်းဆုံး ဆရာ လိုပါတယ်။ ဒါကြောင့် ပညာရည်မြင့်မားဖို့ **ဦးစားပေး အစီအစဉ်တစ်ခုက ဆရာ အရည်အသွေးကို မြှင့်တင်နေရပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာမြှင့်တင်နေရပါတယ်။**

ဘာကြောင့်ပါလဲ။ ပညာရေးစနစ်ရဲ့ ကိုယ်ပိုင်အရင်းအမြစ်ဟာ ဆရာ ဆရာမတို့ဖြစ်ပါတယ်။ ပညာရေးစနစ်တစ်ခုလုံးရဲ့ အရင်းအမြစ်ဖြစ်ပါတယ်။ သင်ကြားမှု၊ လေ့လာမှုဆိုင်ရာ အရင်းအမြစ် ဖြစ်ပါတယ်။ ဆရာ ဆရာမတို့ရဲ့ စွမ်းဆောင်ရည် မြင့်မားရင် မြင့်မားသလောက် ပညာရေးစနစ်ဟာ ရှေ့ကို ရောက် တိုးတက်လာမှာ ဖြစ်ပါတယ်။ လက်ရှိမျိုးဆက်သစ်တွေကို သူတို့ရင်ဆိုင်ရမယ့် အနာဂတ်အတွက် ပညာရေးက ကြိုတင်ပြင်ဆင်ပေးရပါလိမ့်မယ်။ ဒါကြောင့် ပညာရေးစနစ်မှာ အရေးကြီးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမတို့ဟာ နိုင်ငံလိုအပ်ချက်၊ ဒေသလိုအပ်ချက်တွေကို အမြဲတမ်းဖြည့်ဆည်းပေးနေရမှာပဲ ဖြစ်ပါတယ်။ (KEY…Keep Educating Yourself ဖြစ်ပါတယ်)။

**ဒါသည်ပင် ခေတ်မီနိုင်ငံတော်ကြီးကို တည်ဆောက်တာ ဖြစ်ပါတယ်။ ဆရာဟာ အခြေခံပဲ ဖြစ်ဖြစ်၊ အဆင့်မြင့်ပဲဖြစ်ဖြစ်၊ ဆရာဟာ ဆရာပါပဲ။ ဆရာဟာ Teacher (သင်ပြသူ)၊ စည်းရုံးသူ (Organizer)၊ ခေါင်းဆောင် (Leader) ပါပဲ။** ကျောင်းပရဝဏ်ထဲ ရောက်လာတဲ့ကလေးတွေကို မတတ်ရကောင်းလား၊ နားမလည်ရကောင်းလားဆိုပြီး စားပွဲကို ကြိမ်လုံးနဲ့ တဖြန်းဖြန်းရိုက်ပြီး ကလေးကို အုပ်ချုပ်တာလောက်နဲ့ အရည်အသွေးမျိုးရှိတဲ့ ဆရာနဲ့ ဒီနေ့ မြန်မာ့ပညာရေးမျှော်မှန်းချက်ကို ရောက်အောင် သွားလို့ မရတော့ဘူးဆိုတာ နားလည်ကြရပါလိမ့်မယ်။ ဘာသာရပ် နားလည်အောင် စည်းမျဉ်းစည်းကမ်းတွေ သိရှိလိုက်နာအောင် အကျိုးနဲ့ အကြောင်းနဲ့ ကလေးတွေကို စိတ်ရှည်ရှည်ထားပြီး သင်ကြားပို့ချကြရပါလိမ့်မယ်။

မြန်မာတစ်မျိုးသားလုံးအတွက် ပတ်ဝန်းကျင်အသစ်ကို လွှမ်းမိုးနိုင်အောင် တီထွင်ဖန်တီးမှုပညာရေး (Innovative education) နဲ့ ကျွမ်းကျင်မှု အရည်အသွေးတွေကသာ တတ်နိုင်မှာဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းတွေဟာ KG ကစလို့ Ph.D. အထိ ပြုပြင်ပေးနေရာမှာပဲ ဖြစ်ပါတယ်။ တကယ်တော့ ပညာရေးလောကသားတွေရဲ့ တာဝန်ဟာ သေးမသွားဘဲ အလွန်ကြီးမားလာပါတယ်။

နိုင်ငံတော်ရဲ့ နိုင်ငံရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်ပညာတတ်တွေ ပေါကြွယ်ဝရေးဖြစ်ပါတယ်။ ဒေသလိုအပ်ချက်ဆိုရာမှာ စိတ်ပိုင်း၊ ရုပ်ပိုင်း လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမယ့် လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးနေရမှာ ဖြစ်ပါတယ်။

ပညာရေးလို့ပြောရင် ကျောင်းဟာ ရပ်ရွာရဲ့ စင်တာ ဗဟို။ ဘယ်မိဘကိုမေးမေး သူတို့ကျောင်း၊ တက္ကသိုလ်ကောင်းတာကို ဂုဏ်ယူပါတယ်။ အထွတ်အထိပ်၊ ဗဟိုချက်မမှာထားတဲ့ ကျောင်းကို ရပ်ရွာက အားကိုးလေးစားရတဲ့ နေရာဌာနတစ်ခုဖြစ်အောင် ကလေးတွေရဲ့ ပညာရည်မြင့်မားဖို့ ယဉ်ကျေးသိမ်မွေ့ဖို့၊ ကျွမ်းကျင်မှုအဆင့်အတန်းရှိတဲ့ နိုင်ငံသားဖြစ်ဖို့၊ ဥပဒေနဲ့ စည်းကမ်းတွေ လေးစားလိုက်နာဖို့၊ နိုင်ငံက လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်လာဖို့ အတွက်ကျောင်းကို ရောက်လာကြတာပါ။ ဒါကြောင့် အပတ်တကုတ် ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။

ရှေးခေတ်လူသား ကြမ်းတမ်းရိုင်းစိုင်းတဲ့ဘဝက ရုန်းထွက်လာခဲ့တဲ့ ယဉ်ကျေးမှုအဆင့်အတန်း လူ့ယဉ်ကျေးမှုတစ်ခုလုံးကို ထိန်းသိမ်းဖို့ စွမ်းဆောင်နိုင်တဲ့နေရာဟာ ကျောင်းပဲ၊ ဒီကျောင်းဟာ လေးလံနှေးကွေးနေသလား၊ ကျောင်းတွေရဲ့ လှုပ်ရှားမှုတွေဟာ ဘယ်လိုဖြစ်နေသလဲဆိုတာ အမြဲသုံးသပ်နေရပါမယ်။ ကျောင်းနဲ့ လူ့အဖွဲ့အစည်း ဒီလိုဆက်ဆံရလိမ့်မယ်စတဲ့ လုပ်ငန်းစဉ်တွေ ချမှတ်ထားရလိမ့်မယ်။ ကလေးတစ်ယောက်ရဲ့ လူမှုဆက်ဆံရေးကို ဆရာက ဦးဆောင်ရလိမ့်မယ်။

## ဗဟိုချက်မဟာ ဆရာပါပဲ…

ပညာသင်ကြားမှုတစ်ခုလုံးရဲ့ ဗဟိုချက်မဟာ ကျောင်းသား ကျောင်းသူ လူငယ်တွေ၊ ဆည်းပူးနေလိုသူတွေ၊ အလုပ်ခွင်က ဝန်ထမ်းတွေပဲ။ ဘာကြောင့်လဲ။ အနာဂတ်ရဲ့ မျိုးဆက်တွေမို့ အသက်ကြီးငယ်မရွေး အကျုံးဝင်နေပါတယ်။ ဒီမျှော်မှန်းချက်တွေရဖို့ ပညာရေးအစီအစဉ်တွေကို အကောင်အထည်ဖော်တဲ့ နေရာမှာတော့ ဗဟိုချက်မက ဆရာ ဖြစ်ပါတယ်။ ဘယ်လို လုပ်ငန်းစဉ်ချချ ဆန့်ကျင်ဘက် ချဉ်းကပ်နည်းတွေဟာ ရှိစမြဲပါ။ တက္ကသိုလ်တွေက လူ့အဖွဲ့အစည်းအတွက် ပညာတတ်မြောက်မှု၊ ကျွမ်းကျင်မှုနဲ့ ဖန်တီးနိုင်မှုတွေမှာ မြင့်မားနိုင်သမျှ မြင့်မားအောင် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖန်တီးပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့်ဒေသအလိုက်တည်ရှိနေတဲ့တက္ကသိုလ်တွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမ အပေါင်းနဲ့ ဒေသတွင်းက ကျောင်းသား ကျောင်းသူ အပေါင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသူတွေဖြစ်တယ်လို့ ပြောတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒေသတွင်း လူငယ်လူလတ်တွေရဲ့ ကျွမ်းကျင်မှု၊ ထိုသူတွေရဲ့ အရည်အသွေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟာ ထိုဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးလို့ နိုင်ငံဟာ ငြိမ်းချမ်းမယ်။ ဖွံ့ဖြိုးတိုးတက်မယ်။ *စာမျက်နှာ ၁၁ သို့*

❖ **ပညာသင်ကြားမှုတစ်ခုလုံးရဲ့ ဗဟိုချက်မဟာ ကျောင်းသား ကျောင်းသူ လူငယ်တွေ၊ ဆည်းပူးနေလိုသူတွေ၊ အလုပ်ခွင်က ဝန်ထမ်းတွေပဲ။ ဘာကြောင့်လဲ။ အနာဂတ်ရဲ့ မျိုးဆက်တွေမို့ အသက်ကြီးငယ်မရွေး အကျုံးဝင်နေပါတယ်။ ဒီမျှော်မှန်းချက်တွေရဖို့ ပညာရေးအစီအစဉ်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာတော့ ဗဟိုချက်မက ဆရာ ဖြစ်ပါတယ်။ ဘယ်လို လုပ်ငန်းစဉ်ချချ ဆန့်ကျင်ဘက် ချဉ်းကပ်နည်းတွေဟာ ရှိစမြဲပါ။ တက္ကသိုလ်တွေက လူ့အဖွဲ့အစည်းအတွက် ပညာတတ်မြောက်မှု၊ ကျွမ်းကျင်မှုနဲ့ ဖန်တီးနိုင်မှုတွေမှာ မြင့်မားနိုင်သမျှ မြင့်မားအောင် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖန်တီးပေးရမှာဖြစ်ပါတယ်**

*စာမျက်နှာ ၁၀ မှ*

ဒီကျောင်း တက္ကသိုလ်တွေကို သက်ဝင်လှုပ်ရှားစေမယ့် ဆရာရဲ့ကဏ္ဍ၊ ဆရာရဲ့အားထုတ်မှု၊ စိတ်နေစိတ်ထား ခံယူမှုတို့ဟာ ကလေးတစ်ယောက်အတွက် အလွန်အရေးကြီးလှပါတယ်။ ဘာသာရပ်နားမလည်ရင် ဒီကျောင်းသားကို မှတ်မိအောင်လုပ်၊ အလွတ်ကျက်သက်သက်နဲ့ ဒီကျောင်းက ထွက်သွားဖို့ မမျှော်မှန်းဘူး။ ပညာကို အုတ်မြစ်အဖြစ်ထား (Knowledge base)၊ ကျွမ်းကျင်မှုကို (skill base) အုတ်မြစ်အဖြစ်ထား၊ ဒါ့အပြင် ဦးဆောင်တတ်တဲ့ ကျောင်းသား၊ ဖန်တီးမှု (initiative and creativity) ရှိတဲ့ ကျောင်းသားတွေဖြစ်ဖို့အထိ မျှော်မှန်းပြီး သင်ကြားပေးရပါလိမ့်မယ်။

**မျိုးဆက်သစ်လူငယ်တိုင်းရဲ့ ယုံကြည်ချက်၊ ခံယူချက်တွေပေါ်မှာ အခြေစိုက်**

လူ့လောကမှာ ဘယ်နေရာဟာ အရေးအကြီးဆုံးလဲလို့မေးရင် လူရှိတဲ့နေရာတိုင်း အရေးကြီးပါတယ်။ အဲဒီကလေးဟာ နိုင်ငံသားကောင်းဖြစ်လာဖို့အတွက် နှလုံးရည်လည်း ပြည့်၊ ပညာရည်လည်း ကောင်း၊ ယဉ်ကျေးတဲ့ နိုင်ငံသားကောင်းဖြစ်လာဖို့ မျှော်မှန်းရမှာပါ။ ကျွန်တော်တို့နိုင်ငံဟာ စည်းလုံးညီညွတ်မှု (unity) ရှိရပါမယ်။ စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ခက်ပါတယ်။ အဲဒီလို စည်းလုံးညီညွတ်ဖို့အတွက် မျိုးဆက်သစ်လူငယ်တိုင်းရဲ့ အရည်အသွေး တွေးခေါ်မြော်မြင်မှု ယုံကြည်ချက်၊ ခံယူချက်တွေပေါ်မှာ အခြေစိုက်ပါတယ်။

အမေရိကန်နိုင်ငံက ယနေ့အချိန်အခါမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၅၀၀ ကျော်ရှိပါတယ်။ သိပ္ပံနဲ့နည်းပညာဟာ ပိုပြီးအခရာကျကြောင်း၊ ပြည်တွင်းငြိမ်းချမ်းမှုရှိတော့ လူအားငွေအားတွေ ပုံအောပြီး သုံးနိုင်ကြောင်း တွေ့ရပါတယ်။

ယနေ့အချိန်အခါမှာ မြန်မာနိုင်ငံရဲ့တက္ကသိုလ်တွေဟာ သမားရိုးကျ ဗဟိုဦးစီးအုပ်ချုပ်မှုပုံစံကနေ ပိုမိုနွေးထွေးတဲ့ မိသားစုပုံစံ (Corporate Model) အသွင်နဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကိုလည်း ပခုံးထမ်း ယူကြရမှာဖြစ်ပါတယ်။ ပညာရေးဟာ "Teaching and Learning" သင်ယူလေ့လာမှုနှစ်ခု သဟဇာတဖြစ်အောင် လုပ်ကြရမယ်။ ICT နည်းပညာကိုသုံးတဲ့ သင်ကြားသင်ယူမှု၊ လေ့လာမှု၊ တီထွင်ဆန်းသစ်တဲ့ နယ်ပယ်ထဲကိုရောက်အောင် တွန်းတင်ပေးရမှာ ဖြစ်ပါတယ်။ မိမိကိုယ်တိုင် သင်ယူမှု "Self-Learning" ကို ဖေါင်းပေးရမယ်။

မြန်မာနိုင်ငံရဲ့ ဘယ်ဒေသမှာရှိနေတဲ့ ကျောင်း တက္ကသိုလ်က ဆရာဟာ မိမိရောက်နေတဲ့ ဒေသရဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစု သင်ယူလေ့လာနိုင်တဲ့ ဝန်းကျင်ကောင်းဖြစ်တဲ့အထိ မျှော်မှန်းပြီးဆောင်ရွက်ဖို့၊ ကျွမ်းကျင်မှုအတတ်ပညာတွေ မြှင့်တင်ရတာ ရှိကောင်းရှိမယ်။ အဲဒီလုပ်ငန်းစဉ်တွေရဲ့ ဗဟိုချက်မဟာ ဆရာပါပဲ။ ဒီတော့ ဆရာဟာ အလွန်အားထုတ်ပေးရမယ့်နေရာမှာရောက်ရှိနေပါတယ်။ ဆရာရဲ့ ပညာအရည်အသွေး၊ သဘောထား၊ အမြော်အမြင်မြင့်မားမှုဟာ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ တောင်ပေါ်မြေပြန့် မခွဲခြားပါဘူး။ ဘယ်ဒေသက ကလေးသူငယ်ဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်လာဖို့ လိုလားရပါမယ်။ တောင်ပေါ်မြေပြန့် မရှိတော့ပါဘူး။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ညီညွတ်မျှတမှုအတွက် နိုင်ငံသားတွေအားလုံးရဲ့ အသိဉာဏ်ပညာ၊ စိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်ဖို့၊ ပညာရေးကို မြှင့်တင်နေကြရမှာဖြစ်ပါတယ်။

ပညာရည်ပိုမိုမြင့်မားဖို့အတွက် အားထုတ်ရတဲ့လုပ်ငန်းဟာ ကျယ်ပြန့်နက်ရှိုင်းတဲ့ လုပ်ငန်းကြီးဖြစ်နေတဲ့အတွက် ယနေ့တိုင်ပညာရေးညီလာခံ၊ နှီးနှောဖလှယ်ပွဲတွေ ပြုလုပ်နေရဆဲဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားပညာရည်မြင့်မားရေးကို ဆောင်ကြဉ်းနိုင်ရန် အစီအစဉ်တွေ ချမှတ်ထားပါတယ်။ သက်ဆိုင်သူ ပညာရှင်အသီးသီးနဲ့ တိုင်ပင်ဆွေးနွေးပြီး ချမှတ်ခဲ့ကြပါတယ်။ စဉ်ဆက်မပြတ် လေ့လာသင်ယူနေတဲ့ လူ့ဘောင် အဖွဲ့အစည်းတစ်ခု ဖြစ်ထွန်းလာဖို့ မျှော်မှန်းပြီး ဆောင်ရွက်နေရပါတယ်။

**တက်ကြွသူ၊ ဦးဆောင်မှုပေးတတ်သူတွေဖြစ်လာဖို့ အလွန်အရေးကြီး**

မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးဟာ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာနယ်ပယ်သစ်တွေကို ဖြစ်နိုင်စွမ်းရှိအောင် မျှော်မှန်းပြီး ဆောင်ရွက်ကြရမယ့် ခရီးရှည်ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းဟာလမ်းဆုံလမ်းခွပဲ၊ လူဆိုးလေး အဖြစ်နဲ့ ကျောင်းက ထွက်သွားမလား၊ လူတော်လူကောင်း ထူးချွန်သူအဖြစ်နဲ့ ကျောင်းက ထွက်သွားမလား၊ ဒီနှစ်ခုပဲ စီစဉ်ညွှန်ကြားသူက ဆရာပဲ၊ ဒါရိုက်တာဟာ ဆရာပဲ။ လူချွန်လူကောင်းလေးတွေပဲဖြစ်သွားဖို့ ပါရမီကြောင့် မအောင်မြင်ရင်တောင်မှ စိတ်ထားကောင်းမွန်တဲ့ ကလေးဘဝနဲ့ ထွက်သွားဖို့ ကြိုးစားရမယ်။ မှန်ကန်တဲ့ နည်းကောင်းလမ်းမှန်တွေကို ရွေးချယ်တတ်သူ၊ စည်းရုံးလှုပ်ရှားတတ်သူ၊ အစဉ်နိုးကြား တက်ကြွသူ၊ ဦးဆောင်မှုပေးတတ်သူတွေဖြစ်လာဖို့ အလွန်အရေးကြီးပါတယ်။

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဖန်တီးမှုရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကသာ ဆက်လက်ရှင်သန်၊ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားဖြစ်ထွန်းမှု၊ လူ့ဘောင်ရဲ့ ညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကိုရေးရှုနိုင်မှာဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။ ။

# စိုက်တည်အသည်း နှလုံးမှာစွဲ၏

* ပြည်နယ်နှင့်တိုင်း ဒေသပိုင်းမှ
ရိုင်းပင်းနွယ်ဖွား တို့ ညီအစ်ကိုမောင်နှမများ
အားနှင့် ပြိုင်နွှဲ "ဆိုကရေးတီးပွဲ"ကား
သည်းသည်းခြည်းထံ ဘဝင်ယံသို့
မှန်ပင်ထိုးဖောက် အောင်စည်ပေါက်သည်
တောက်ပဂုဏ်ပေါင်း ဘက်စုံကောင်းခဲ့။

* ပညာရှင်ရှိ ဉာဏ်အသိကို
တိကျသေချာ စောင့်ရှောက်ပါသော်
သာယာပြည့်ဝင်း မြန်ပြည်ဆင်းသည်
သင်းရနံ့ကြွယ် ကမ္ဘာ့လယ်၌
ထည်ဝါခမ်းနား အားမာန်ပွား၏။

* သက်တမ်းလည်းရှည် လက်ကမ်းဝေပြီး
ထမ်းစဉ်ရှေ့တက် ခရီးဆက်သော်
မက်ဖွယ် ဂီတ သုခမတည့်။

* ယဉ်ကျေးအမွေ မြတ်မွန်ပေကို
သေချာသိမ်းဆည်း ထွားသန်ဖြိုးအောင်
ကြီးစွာ စောင့်ချစ် မျိုးဆက်သစ်။

* ဒါန "ဝေ" စံ ဇာတ်အိမ်မှန်နှင့်
ကံကိုမပုံ ဖွဲ့ကိုထုံသည့်
ယုံစေနက်ပြ "မဟာဇနက္က"။

* ညီဘွား တိုင်းရင်း ရိုးသားခြင်းမှ
ရှင်းလင်းလွယ်ကူ အကဟူလည်း
ထုတ်ယူဖော်ကျူး ပြချက်ထူး။

* စစပြည့်စုံ သည်ပွဲခုံကို
ကြုံလာနှစ်ခြိုက် ဘဝင်ခိုက်သည်
စိုက်တည်အသည်း နှလုံးမှာစွဲ၏။ ။

*ညိုဝင်း (ချစ်မြေ)*

"အောင်မြင်စွာပြီးခဲ့ပြီဖြစ်သော (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ဆိုကရေးတီးပြိုင်ပွဲကို ဂုဏ်ပြုလျက်"

## ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ယှဉ်ပြိုင်မည့် ဘိလိယက်နှင့် စနူကာအားကစားသမားများ ပြည်မြို့၌ စခန်းသွင်းလေ့ကျင့်နေမှု တာဝန်ရှိသူများကြည့်ရှု

ပြည် အောက်တိုဘာ ၂၂

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဘိလိယက်နှင့်စနူကာ ပြိုင်ပွဲဝင် အားကစားသမားများအဖွဲ့ ပြည်မြို့၌ စခန်းသွင်းလေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းက ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပဲခူးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးကိုယ်စားပြု ဘိလိယက်နှင့် စနူကာပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲဝင်အားကစားသမားများသည် နည်းပြဆရာများ၏ ကြီးကြပ်မှုဖြင့် ပြည်မြို့ ရွှေတစ်ချောင်လမ်းရှိ Ok Snooker Club ၌ အောက်တိုဘာ ၁၁ ရက်မှ စတင်စခန်းသွင်းလေ့ကျင့်လျက်ရှိကာ ပြည်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်နှင့်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ၏ ကျန်းမာရေးဆိုင်ရာနှင့် နေထိုင်စားသောက်မှု အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်

ရွှေတောင် အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၂၁ ရက်က နိုင်ငံ့တာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် ၂၁ ရက်နေ့တိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးသန့်က ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ နိုင်ငံ့တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ငွေကြေးကုန်ကျမှုမရှိစေဘဲ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရေး၊ ရောဂါများဖြစ်ပွားနေပါက ဆောလျင်စွာ ကုသခြင်းဖြင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်ပေါ်စေရေး၊ ဆောင်ရန်၊ ရှောင်ရန်များအား သေချာစွာသိရှိနားလည်ပြီး သက်တမ်းစေ့နေထိုင်နိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးလျက်ရှိရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၈ ဦးတို့အား ရောဂါရှာဖွေကုသပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဆုတောင်းပြည့်အောင်တော်မူ ဘုရားကိုးဆူစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်ခြင်း၊ အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားတက်ရောက်

**တောင်ကြီး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စု မဲသောင်းကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသော ဆုတောင်းပြည့်အောင်တော်မူ ဘုရားကိုးဆူ စေတီတော်မြတ်ကြီးအား ရွှေဆေးသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်တင်လှူခြင်း၊ စိန်ဖူးတော်တင်လှူခြင်း၊ ဗုဒ္ဓအဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီက အဆိုပါစေတီ၌ ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်ကြသည့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးခင်မောင်စိုးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ဇနီး၊ တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ ကျောင်းအုပ်ကြီး၊ ရှမ်းပြည်နယ် ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဇနီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူ့ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်များက နမောတဿ သုံး ကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မဲသောင်းကျောင်းဆရာတော် ဦးဓမ္မာဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူ့ဒါယကာ၊ ဒါယိကာမများက ပင်မစေတီတော်ထီးတော်၊ အရံစေတီထီးတော်နှင့် ဟင်္သာတိုင် ထီးတော်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး အရံစေတီတော်နှင့် ပင်မစေတီတော်တို့အား ထီးတော်တင်လှူကြသည်။

ဆက်လက်၍ ပင့်ဖိတ်ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင် ပူဇော်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက တောင်ကြီးမြို့ အောင်မင်္ဂလာပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ ဉာဏဝံသထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းအနောက် ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

ပြည်နယ်

(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မကွေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မကွေး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် အဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက မကွေးခရိုင် မကွေးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်၌ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့(မကွေး)မှ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့(ငွေလုံးငွေရင်း) အထွေထွေပိုလျှံ ရန်ပုံငွေ ၆၄၀ ဒသမ ၀၀၀ သန်းဖြင့်ဆောင်ရွက်၍ တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး)လမ်း ဖိုလေးလုံးကျေးရွာအနီး မိုင် ၂၂/၆-၇၉/၄= ၅၆ မိုင် ၆ ဖာလုံ ၃၆ ဒသမ ၆၁၃ ကီလိုမီတာမှ ၁၂၇ ဒသမ ၉၄၃ ကီလိုမီတာအထိ ၉၁ ဒသမ ၃၃ ကီလိုမီတာ မူလလမ်း ၁၈ ပေအကျယ်မှ ၂၄ လက်မအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ယာယီ ရှင်းလင်းဆောင်တွင် လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့(မကွေး)မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်း သတ်မှတ်ချက်များ၊ အရည်အသွေးများ ပြည့်မီရေးနှင့် အချိန်မီ ပြီးစီးရေးတို့အတွက် ဆောင်ရွက်ရန် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာအတွင်း တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်နေသောလမ်းများသည် ဒေသတွင်း ကျေးရွာများမှ လမ်းဦးစီးဌာနပိုင် လမ်းမကြီးများသို့ တိုက်ရိုက်ဆက်သွယ်သော လမ်းများဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။



လမ်း တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ လမ်းရေရှည် တည်တံ့ခိုင်မြဲစေရန် လမ်းဘေး ရေထုတ်မြောင်းများ စနစ်တကျ တူးဖော်ခြင်း၊ လိုအပ်သည့် နေရာများတွင် ရေထုတ်ပြွန် (သို့မဟုတ်) Box Culvert များ ထည့်သွင်း တည်ဆောက်ခြင်း၊ လမ်းပခုံးများ တောင့်တင်းအောင် ပြုလုပ်ခြင်း၊ လမ်းတည်ဆောက်ပြီးသွားပါက တန်ပိုယာဉ်များ သွားလာမှု မရှိစေရန် ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာအုပ်စု ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လိုအပ်သည်များ မေးမြန်းကာ ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုက်မရောခွဲ (၃၈)ဖြာ ယဉ်ကျေးလိမ္မာသင်တန်း(၃/၂၀၂၄)ဖွင့်ပွဲကျင်းပ

**ကျိုက်မရော အောက်တိုဘာ ၂၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ ကြီးမှူး ကျင်းပသော (၃၈)ဖြာ ယဉ်ကျေးလိမ္မာသင်တန်း (၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁နာရီက ရန်မျိုးအောင်ရပ်ကွက်ရှိ ရသေ့ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။



**ငါးပါးသီလခံယူဆောက်တည်**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သီရိဇေယျာကျောင်းတိုက်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြသည်။

ထို့နောက် မွန်ပြည်နယ် (YMBA)အသင်းဥက္ကဋ္ဌ ဦးကြည်သိန်းက လိမ္မာယဉ်ကျေး၍ ဘာသာတရားကို ရှိသေကိုင်းရှိုင်းပြီး မင်္ဂလာတရားတော်များကို သိရှိနားလည်တတ်မြောက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားကာ သာသနာရေး ဦးစီးဌာနမှ မြို့နယ်သာသနာရေးဦးစီးမှူး ဦးဘိုဘိုကျော်က သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

**သုံးလကြာမြင့်မည်ဖြစ်**

အဆိုပါ သင်တန်းသို့ ကျိုက်မရော မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၀၀ တို့ တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ သုံးလကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး**

**(ပြန်/ဆက်)**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# အီရန်ကိုတိုက်ခိုက်မည့် အစ္စရေး၏အစီအစဉ်များ ပေါက်ကြားလာသည့်စာရွက်စာတမ်းများကို အမေရိကန်စုံစမ်းစစ်ဆေးနေ

**ဝါရှင်တန် အောက်တိုဘာ ၂၂**


အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် အီရန်ကို လက်တုံ့ပြန်တိုက်ခိုက်နိုင်ခြေရှိသော အစ္စရေး၏ ကြိုတင်ပြင်ဆင်မှုများနှင့် ပတ်သက်ပြီး လျှို့ဝှက်စာရွက်စာတမ်းများ ပေါက်ကြားမှုကို စုံစမ်းစစ်ဆေးနေကြောင်း အိမ်ဖြူတော်က ပြောသည်။

အင်တာနက်ပေါ်တွင် စာရွက်စာတမ်းများ မည်ကဲ့သို့ ထွက်ပေါ်လာခဲ့သလဲဆိုသည်နှင့်ပတ်သက်ပြီး ပင်တဂွန်က ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထောက်များ ကို ပြောသည်။

အဆိုပါစာရွက်စာတမ်းများသည် အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက် ရက်စွဲများနှင့်ဖြစ်ပြီး ပင်တဂွန်နှင့်ဆက်စပ်သော အေဂျင်စီနှစ်ခုက ထုတ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။ စာရွက်စာတမ်းများထဲမှ တစ်ခုမှာ အီရန်အပေါ် အစ္စရေး၏ တိုက်ခိုက်မှုပမာဏနှင့် အတိုင်းအတာကို အတိအကျခန့်မှန်းလို့ မရကြောင်း ညွှန်ပြနေသည်ဟု ဆိုသည်။ အစ္စရေးသည် နျူကလီးယားလက်နက်အသုံးပြုရန် ရည်ရွယ်သော အရိပ်အယောင်ကို အမေရိကန်က သတိပြုမိခြင်း မရှိကြောင်းလည်း ဆိုထားသည်။ အစ္စရေးသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ကြောင်း လူသိရှင်ကြား အတည်ပြုထားခြင်းမရှိပေ။

မဖြစ်သင့်မဖြစ်ထိုက်သည့် အများပြည်သူနှင့် သက်ဆိုင်သောနယ်ပယ်ထဲသို့ လျှို့ဝှက်စာရွက်စာတမ်းများ ပေါက်ကြားမှုနှင့်ပတ်သက်ပြီး သမ္မတ ဂျိုးဘိုင်ဒင်က အလွန်အမင်းစိုးရိမ်ကြောင်း ကာဘီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



အမျိုးသားလုံခြုံရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီ။

# ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲအတွက် တွန်းအားပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အစ္စရေးသို့ ရောက်ရှိ

**တဲလ်အဗစ် အောက်တိုဘာ ၂၂**


အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်သည် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲအတွက် နောက်ထပ် တွန်းအားပေးရန် ကြိုးပမ်းမှု တစ်ခုအနေဖြင့် အောက်တိုဘာ ၂၂ ရက်က အစ္စရေးနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

ဘလင်ကန်သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် အခြားအရာရှိများနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

အမေရိကန် အစိုးရသည် အပစ်အခတ် ရပ်စဲရေးအတွက် ညှိနှိုင်းဆွေးနွေးမှုနှင့် ပါလက်စတိုင်းအစ္စလာမ္မစ်အုပ်စု ဟားမားစ်တို့ဖမ်းဆီးထားသည့် ဓားစာခံများ လွှတ်ပေးရေးတို့ကို အရှိန်မြှင့်လုပ်ဆောင်လာဖွယ်ရှိသည်။

အစ္စရေးစစ်ဘက်က လွန်ခဲ့သောသီတင်းပတ်တွင် ဟားမားစ်ခေါင်းဆောင် ယာယာစင်ဝါကို သတ်ဖြတ်ပြီးနောက် အမေရိကန်သည် ဂါဇာကမ်းမြောင်တွင် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန် အစ္စရေးကို ထပ်မံဆွဲဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

သို့သော်လည်း အစ္စရေးနှင့် ဟားမားစ်တို့သည် အပစ်အခတ်ရပ်စဲရေးအတွက် ရှေ့ဆက်ရန် အရိပ်အယောင်ပြခြင်းမရှိပေ။

အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ အစ္စရေးတပ်ဖွဲ့များသည် တောင်ပိုင်းလက်ဘနွန်တွင် ပြင်းထန်သော ဝေဟင်မြေပြင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့သည် ဂါဇာမြောက်ပိုင်းတွင်လည်း ထိုးစစ်ဆင်နွှဲမှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

အစ္စရေးစစ်ဘက်က ၎င်းတို့သည် စစ်ဆင်ရေးအတွင်း လက်ဘနွန်ရှိ ရှီးယားမွတ်စလင်အုပ်စု ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား ဒါဇင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့ပြီး ၎င်းတို့၏ လက်နက်တိုက်များကို ဖျက်ဆီးခဲ့ကြောင်း ပြောသည်။

ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများကလည်း ၎င်းတို့သည် အစ္စရေးမြောက်ပိုင်း ဟိုင်ဖာရှိ စစ်ရေးပစ်မှတ်များနှင့် နိုင်ငံ၏ အကြီးဆုံး စီးပွားရေးမြို့တော် တဲလ်အဗစ်ကို ဒုံးကျည်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ စာသင်ကျောင်း အဆောက်အအုံ ၂၀ ဆောက်လုပ်မှု စတင်

**ကန်ဒါဟာ အောက်တိုဘာ ၂၂**

ဒေသအာဏာပိုင်များသည် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်ရှိ မြို့တော်နှင့် ခရိုင်များတွင် စာသင်ကျောင်းအဆောက်အအုံ ၂၀ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း ပြည်နယ်ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာနက အောက်တိုဘာ ၂၁ ရက်တွင် ပြောသည်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)၏ မတည်မှုဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းခန့် အကုန်အကျခံကာ ပြည်နယ်၏ မြို့တော်ဆင်ခြေဖုံးဒေသများနှင့် ခရိုင် ၁၁ ခုတွင် အဆောက်အအုံများကို ဆောက်လုပ်သွားမည်ဖြစ်သည်။

ထို့အပြင် အာဖဂန်အိမ်စောင့်အစိုးရ၏ ပညာရေးဝန်ကြီးဌာနကလည်း နိုင်ငံအရှေ့ပိုင်း နူရီစတန်းပြည်နယ်တွင် စာသင်ကျောင်းအဆောက်အအုံ ၁၂ ခု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

စစ်ဘေးဒဏ်သင့် အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆင်းရဲချို့တဲ့သော အာဖဂန်ပြည်သူများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ဖိတ်ခေါ်ကာ များစွာသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံချက်များစွာကို စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘေရွတ်မြို့ ဂျနာဒေသကို ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်မှု သေဆုံးသူ ၁၃ ဦး ရှိလာ

**ဘေရွတ် အောက်တိုဘာ ၂၂**

အောက်တိုဘာ ၂၁ ရက်က ဘေရွတ်မြို့ ဂျနာဒေသသို့ ပစ်မှတ်ထားသော အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၃ ဦး ရှိလာကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူ ၅၇ ဦး ရှိကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၂ ရက်တွင် ပြောသည်။

**အိုးအိမ်စွန့်ခွာထွက်ပြေး**

အဆိုပါ အစ္စရေးလေကြောင်း တိုက်ခိုက်မှုသည် ဘေရွတ်မြို့ရှိ လူနေထူထပ်သော ရာဖစ်ဟာရီရီယူနီဗာစီတီ ဆေးရုံအနီး တစ်ဝိုက်ရှိ ဒေသတစ်ခုသို့ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံအများစုသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရပြီး ဘေးလွတ်ရာနေရာများတွင် ခိုလှုံနေကြရကြောင်း သိရသည်။

**ပြင်းထန်သည့် တိုက်ခိုက်မှု**

စက်တင်ဘာ ၂၃ ရက် နောက်ပိုင်း အစ္စရေးတပ်မတော်သည် လက်ဘနွန်သို့ မကြုံစဖူး ပြင်းထန်သည့်လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**


ဘေရွတ်မြို့ ဂျနာဒေသသို့ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

# ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကုလသမဂ္ဂညီလာခံ ကိုလံဘီယာတွင် ကျင်းပ

**ဘိုဂိုတာ အောက်တိုဘာ ၂၂**

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကုလသမဂ္ဂညီလာခံကို ကိုလံဘီယာတွင် အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့သည်။ အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်များသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ကမ္ဘာမြေနှင့် ပင်လယ်ပြင်၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို ထိန်းသိမ်းစောင့်ရှောက်ရေး ရည်မှန်းချက်ဆိုင်ရာ တိုးတက်မှုဖြစ်စဉ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံပေါင်း ၁၉၀ ကျော်မှ ဆွေးနွေးပွဲကိုယ်စားလှယ်များသည် COP 16 ဟုခေါ်သော (၁၆)ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ရန် အနောက်မြောက်ပိုင်းမြို့တော် ကာလီတွင် စုဝေးခဲ့ကြသည်။

ကိုယ်စားလှယ်များသည် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင်တွင် ချမှတ်ထားသည့်ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် တိုးတက်မှုဖြစ်စဉ်များကို အတည်ပြုကြမည်ဖြစ်သည်။

အစည်းအဝေးသို့တက်ရောက်လာသောကိုယ်စားလှယ်များသည် “၃၀ မှ ၃၀” ပန်းတိုင်သို့ရောက်ရှိရန် နိုင်ငံတစ်နိုင်ငံချင်းစီမှ ကြိုးပမ်းအားထုတ်မှုများကို အတည်ပြုပြီး အစီအစဉ်ကို မည်သို့ရှေ့ဆက်ရမည်ကို ဆွေးနွေးသွားမည်ဖြစ်သည်။

ကိုယ်စားလှယ်များသည် မျိုးရိုးဗီဇအရင်းအမြစ်များကို အသုံးပြုပြီး တီထွင်ထုတ်လုပ်ထားသော ဆေးဝါးများ၏ အကျိုးကျေးဇူးများကို မျှမျှတတ မျှဝေပေးနိုင်မည့် စနစ်များကိုလည်း ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်သူများအား မိုးစပါးစိုက်ကေများအပေါ်တွင် သီးထပ်သီးနှံများ အပြည့်အဝစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများက အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားကြရန်လိုအပ်



**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၂၄ - ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ကေများအပေါ်တွင် သီးထပ်သီးနှံများ အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားရာ တိုင်းဒေသကြီးအတွင်းရှိ တောင်သူများအား မိုးစပါးရိတ်သိမ်းပြီးပါက ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့်စားဖိုချောင်သီးနှံများ စိုက်ပျိုးကြရေး၊ ခရိုင် / မြို့နယ်အလိုက် စံပြစိုက်ကွက်များဖြင့် စိုက်ပျိုးရေး တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင် / မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပူးပေါင်းညှိနှိုင်း ပိုင်းဝန်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ဆန်ဖူလုံမှု ၁၀၀ ရာခိုင်နှုန်းရအောင် ဆောင်ရွက်ကြရမည် ဖြစ်ပြီး သီးထပ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်မီအောင်စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်းရအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ စံပြစိုက်ကွက်များ ခရိုင်/မြို့နယ်အလိုက်ဆောင်ရွက်ရန်၊ ဒေသအတွင်း စားသုံးဆီဖူလုံသည်အထိ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး လမ်းညွှန်ချက်များကို တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ ရေကြီးမှုကြောင့် ပျက်စီးသွားသည့် မိုးစပါးကေများအတွက် သီးထပ်တိုးချဲ့စိုက်ပျိုးမှုများ မဖြစ်မနေဆောင်ရွက်သွားရန်နှင့် ခရိုင် / မြို့နယ်များသို့ Seeder များ လွှဲပြောင်းထုတ်ပေးမည့်အစီအစဉ်များနှင့် တောင်သူများ သီးထပ်စိုက်ပျိုးနိုင်ရေး ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက စီမံဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းက သီးနှံစိုက် စိုက်စွမ်းအားမြှင့်တင်စိုက်ပျိုးနိုင်ရေး ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် တောင်သူများ၏ အကျိုးဖြစ်ထွန်းစေမှုအပေါ် လမ်းညွှန်ချက်များ ချမှတ်ထားပြီးဖြစ်ရာ တာဝန်ရှိသူအဆင့်ဆင့်က လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ တောင်သူများကိုယ်တိုင် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်၍ နွေစပါးနှင့်ဆီထွက်သီးနှံ၊ ဆောင်းသီးနှံနှင့်စားဖိုချောင်သီးနှံများစိုက်ပျိုးကြရန်၊ အားကြိုးမာန်တက်ကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဖောင်ဒေးရှင်းနာယကဦးဆောင်သောအဖွဲ့က ရေသန့်စက်၊ ဆေးဝါး၊ စားသောက်ဖွယ်ရာများနှင့် ငွေများ လှူဒါန်း




**နေပြည်တော် အောက်တိုဘာ ၂၂**

ရေဘေးသင့် ပြည်သူများတွက် ကမ္ဘောဇဖောင်ဒေးရှင်းနာယကဦးဆောင်သောအဖွဲ့က လှူဒါန်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ အောက်တိုဘာ ဒုတိယပတ်အတွင်း ကမ္ဘောဇဘဏ်နာယက မိသားစုတည်ဆောက်လှူဒါန်းထားသည့် ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသ ဟဲယာရွာမ ဓမ္မဗိမ္မာန်၌ တစ်နာရီ လီတာ ၁၀၀၀ ထွက် ရေသန့်စက်၊ ၂၀ လီတာ ရေသန့်ဘူးများ၊ နဝကမ္မအလှူတော်ငွေကျပ်သိန်း ၁၀၀ နှင့်လိုအပ်သည့် ဆေးဝါးများကို လည်းကောင်း၊ အင်းလေးကန်ဒေသ လယ်ခြေရွာတွင် နဝကမ္မအလှူတော်ငွေကျပ် သိန်း ၁၀၀ နှင့် လိုအပ်သည့် ဆေးဝါးများ၊ ရိက္ခာများကိုလည်းကောင်း၊ ဆင်တောင်ခွေးရုပ်ကျေးရွာရှိ နေအိမ်အသစ် ၁၄ လုံး ပြန်လည် တည်ဆောက်ရန် ငွေကျပ်သိန်း ၇၇၀ နှင့် စားစရာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို လည်းကောင်း လှူဒါန်းခဲ့ကြသည်။

ထို့အပြင် တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သိန်းစီဖြင့် အိမ်ထောင်စု ၂၄ စု အား ထောက်ပံ့ပေးအပ်လှူဒါန်းပြီး အောင်ပန်းမြို့ မိုးကုတ်ဝိပဿနာ ကျောင်းတွင် တစ်နာရီ ရေလီတာ ၁၀၀၀ ထွက်ရှိသည့် ရေသန့်စက်ကို တပ်ဆင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ်၌ ကျေးလက်ရေရရှိရေးအတွက် အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**ဒက္ခိဏသီရိ အောက်တိုဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ရရှိစေရန်ရည်ရွယ်၍ အဝီစိစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက မန်ကျည်းကုန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွဲလွဲနိုင်နှင့် ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် မန်ကျည်းကုန်းကျေးရွာတွင် အကျယ်လေးလက်မ၊ အနက်ပေ ၃၀၀ ရှိ အဝီစိစက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင် တည်ဆောက်



ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရေပေးရေးကော်မတီများနှင့် တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၀ဒသမ ဝ၀၄ သန်းဖြင့် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူကျေးရွာသားများပူးပေါင်း၍ ယခုနှစ် ဇွန်လ ပထမအပတ်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

**၂၂၂**

## ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် ကျန်ရစ်သူအကျိုးခံစားခွင့် ထောက်ပံ့ငွေပေးအပ်

**မင်္ဂလာဒုံ အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသော Eden Engineering & Construction Co., Ltd.မှ အာမခံအလုပ်သမား ဦးကျော်ဆန်းလင်း၏ လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထောက်ပံ့ငွေ ထုတ်ပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးကျော်ဆန်းလင်း၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ထောက်ပံ့ငွေကျပ် ၁၄၀၀၀၀၀ (ကျပ်သိန်း တစ်ရာ့လေးဆယ်တိတိ) ကို သေဆုံးသူ၏ ဇနီး ဒေါ်မြမြရွှေထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။




**မြို့နယ်(ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေ သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ကွင်းဆင်းဆောင်ရွက်

**မက်မန်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ သန့်ရှင်းသာယာလှပစေရန် အဖွဲ့အစည်းနှင့် စနစ်တကျပူးပေါင်း ဆောင်ရွက်တက်စေရန်စသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ ကျေးရွာစွန့်ပစ်အမှိုက် အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက အေးကျန့် ကျေးရွာအုပ်စု ကွန်ဟောင်းကျေးရွာ၌ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မက်မန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကွန်ဟောင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အပတ်စဉ်အလိုက် အမှိုက်ကင်းစင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဦးဆောင်၍ အဆိုပါကျေးရွာများရှိ ကျေးရွာသူ



ကျေးရွာသားများနှင့် ပူးပေါင်းကာ ကောင်းမွန်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်ဖြစ်စေရေးအတွက် ကျေးရွာအဝင်ရှိ ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ပင်များ ရှင်းလင်းခြင်းနှင့် ကျေးရွာတွင်း စွန့်ပစ်အမှိုက်များကို စုပေါင်းကောက်ယူခြင်းများဆောင်ရွက်ပြီး သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျစွန့်ပစ်ကြသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ပွဲတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူကျေးရွာသားများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

မောင်ခိုင်

## တန့်ယန်းမြို့နယ် မန်ကောင်းကျေးရွာ၌ သောက်သုံးရေများဖူလုံစွာရရှိစေရန် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တန့်ယန်းမြို့နယ် မန်ကတ် ကျေးရွာအုပ်စု မန်ကောင်းကျေးရွာ၌ စိမ့်စမ်းရေရရှိရန် ရေပိုက် သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။(ဝဲအောက်ပုံ)



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများသည် မန်ကောင်းကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူရန်အတွက် ရေထွက်ပင်ရင်းမှ ကျေးရွာအထိ နှစ်မိုင် ခြောက်ဖာလုံ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှ ရေပေးရေး ကော်မတီများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၀၈၈ သန်းကို အသုံးပြု၍ ခရိုင်/ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စနစ်တကျ ညွှန်ကြားမှုများဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက ၂၀၂၄ ခုနှစ် ဇွန်လ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂

## ရေကြည်မြို့နယ် စောပြာကျေးရွာနှင့် စိမ့်ကြီးကျေးရွာရှိ ဒေသခံနေအိမ် ၂၀၀ နီးပါးကို နီးစပ်ရာကျေးရွာများသို့ ဖိအားပေးပြောင်းရွှေ့ခိုင်းလျက်ရှိကြောင်း သတင်းအမှားများအား လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စောပြာကျေးရွာနှင့် စိမ့်ကြီးကျေးရွာရှိ ဒေသခံနေအိမ် ၂၀၀ နီးပါးကို နီးစပ်ရာကျေးရွာများသို့ ဖိအားပေးပြောင်းရွှေ့ခိုင်းလျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ကျေးရွာရှိ နေအိမ်များ ပြောင်းရွှေ့ရန် စေခိုင်းမှုလုံးဝမရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ ပြည်သူများအထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ ကောလာဟလ သတင်းအမှားများဖြင့် လှုံ့ဆော်ဝါဒ ဖြန့်ဝေရေးသားခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### အရေးယူဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "KO KYAW" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂)ရပ်ကွက်နေ ကျော်လင်းထွန်း(ခ) ကျင်ဝှက်အား ညနေ ၄ နာရီ ၄၅ မိနစ်တွင် အေးသာယာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့အကျိုးပြု သတင်းအချက်အလက်များအတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု

ဒေါက်တာဇင်မာကျော်

**နှစ်စဉ်အောက်တိုဘာလ၏ နောက်ဆုံးသီတင်းပတ်ကို ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု ရက်သတ္တပတ် (Global Media and Information Literacy (MIL) Week) အဖြစ် သတ်မှတ်ထားပါသည်။ ယခုနှစ်အတွက် အဓိကဖော်ညွှန်းချက်မှာ "သတင်းအချက်အလက်များ၏ ဒစ်ဂျစ်တယ်နယ်ပယ်အသစ်၊ ပြည်သူ့အကျိုးပြု သတင်းအချက်အလက်များအတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု"ဟူ၍ ဖြစ်ပါသည်။ ဤဖော်ညွှန်းချက်သည် သတင်းအချက်အလက်များ လျင်မြန်စွာဖန်တီးပေါ်ထွက်လာမှု၊ ပျံ့နှံ့မှုနှင့် အသုံးပြုမှုတို့ကို လမ်းညွှန်ရာတွင် ဘေးကင်းစေရန်၊ ပိုမိုပေါင်းစည်းပါဝင်ကြရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသည် အနာဂတ်ဒစ်ဂျစ်တယ်ခေတ်တွင် အားလုံးအတွက် ပဓာနကျ အရေးပါပုံကို မီးမောင်းထိုးပြထားခြင်းဖြစ်သည်။**




**အချက် ၅ ချက် သတ်မှတ်ပေးခဲ့**

မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ် အခင်းအကျင်း ပေါ်ထွန်းလာမှုကြောင့် ယင်း၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ရေးမှာ အရေးပါလာပေသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ MIL Week အတွက် (၁)သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ အွန်လိုင်းရင်းမြစ်ဖြစ်စဉ်များနှင့် ပုဂ္ဂိုလ်ရေးချိုးဖောက်မှုများ အပါအဝင် အွန်လိုင်းစိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကြောင့် လူများစုရင်ဆိုင်နေရသည့်အခက်အခဲများကို ဖော်ထုတ်ရန်၊ (၂)မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် ဆက်စပ်သည့် ခိုင်မာအားကောင်းသည့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာမူဝါဒများ ပေါ်ထွက်လာစေရေး တိုက်တွန်းလှုံ့ဆော်ပေးရန်၊ (၃) ကမ္ဘာတစ်ခွင်မှ အကြောင်းအရာများ ဖန်တီးပုံဖော်သူများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် ပြည်သူများအား ဆန်းသစ်သည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုကို ဦးစီးဦးဆောင်ပြုကာ အကောင်းဆုံး ကျင့်သုံးနိုင်သူများဖြစ်စေရန် ရည်ရွယ်၍ အသိအမြင်များ မြှင့်တင်ပေးရန်၊ (၄) မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု ပိုမိုထွန်းကားလာစေရေးအတွက် stakeholder များအကြား ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ပေးရန်၊ (၅)သတင်းအချက်အလက် အခင်းအကျင်းသစ်၏ စိန်ခေါ်မှုနှင့်အခွင့်အလမ်းများကို တုံ့ပြန်သည့် အနေဖြင့် MILကို အားဖြည့်ရန်အလို့ငှာ အနာဂတ်တွင် သုတေသနများ ဆောင်ရွက်ခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်း လုပ်ငန်းနယ်ပယ်များ ဖော်ထုတ်ရန်ဟူသည့် အချက် ၅ ချက်ကို သတ်မှတ်ပေးခဲ့ပါသည်။

ယခုနှစ်၏ အဓိကဖော်ညွှန်းချက်တွင် ပြည်သူများအား အွန်လိုင်းပေါ်တွင် ရေးသားဖော်ပြချက်များကို တာဝန်ယူမှုရှိစွာလုပ်ကိုင်ကြစေရန်၊ ဝေဖန်သုံးသပ်စဉ်းစားကြရန်နှင့် သတင်းအချက်အလက်များကို အကဲဖြတ်ရန်၊ လံကြုပ်သတင်းများ၊ ထွင်လုံးများကို သတိမူမိစေသည့် စွမ်းရည်များရှိနေစေရန် အရေးကြီးကြောင်း မီးမောင်းထိုးပြထားသည်။ ယင်းအချက်သည် မျက်မှောက်ခေတ် ဒစ်ဂျစ်တယ် ဂေဟာစနစ်တွင် အထူးအရေးပါလာသည့် လိုအပ်ချက်တစ်ခု ဖြစ်နေသည်။

ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်မှ သတင်းအချက်အလက်နှင့် သတင်းများကို ဖန်တီးပုံဖော်၊ သုံးစွဲသည့်နည်းလမ်းသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာနေသည်။ အွန်လိုင်းသုံးစွဲသူများသည် အွန်လိုင်းပေါ်မှ အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ စိတ်ကြိုက်အသုံးပြုနိုင်ခွင့်၊ ဝေမျှခွင့်များ ရရှိနေကြပြီဖြစ်သည်။ အွန်လိုင်းပေါ်တွင် သတင်းများ ရေးသားတင်ဆက်ကြသည့် မျိုးဆက်သစ်ဂျာနယ်လစ်များ၊ တက်ကြွလှုပ်ရှားသူများနှင့် အွန်လိုင်းဆယ်လီများသည် သတင်းအချက်အလက်များကို တစ်မူထူးသည့် နည်းလမ်းများသုံးပြီး မည်ကဲ့သို့ ဖြန့်ဖြူးကြမည်နည်းဆိုသည့် အပြောင်းအလဲကို လိုလားနေကြသည်။ ယင်းလိုလားချက်များ အရှိန်ကောင်းလာကာ သမားရိုးကျ လူထုဆက်ဆံရေး မီဒီယာများနှင့် ပေါင်းဆုံပြီး ကွဲပြားသောပရိသတ်များဆီ ရောက်ရှိခဲ့ကြသည်။ သို့ရာတွင် မတူကွဲပြားသည့် အသံများနှင့် ထင်မြင်ယူဆချက်များ ပိုမိုအားကောင်းလာစဉ်တွင် အွန်လိုင်းပေါ်၌ ရေးသားတင်ဆက်နေသူများ၏ ကျင့်ဝတ်၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ယုံကြည်စိတ်ချရမှုဆိုသည့် အကြောင်းအရာများအပေါ်တွင် မေးခွန်းထုတ်စရာဖြစ်လာနေပါသည်။

**ပေါင်းစပ်မှုအသစ်များ ယူဆောင်လာ**

ထို့အပြင် ဉာဏ်ရည်တု (Artificial Intelligence–AI) ပေါ်ထွန်းလာခြင်းသည် သတင်းအချက်အလက် အခင်းအကျင်းကို ပေါင်းစပ်မှုအသစ်များ ယူဆောင်လာခဲ့ပါသည်။ အစစ်အမှန်နီးပါးတူသော စာသား၊ ရုပ်ပုံနှင့် ဗီဒီယိုများ ဖန်တီးလုပ်ဆောင်လာနိုင်ခြင်းကြောင့် လူသားများကိုယ်တိုင် ဖန်တီးထားခြင်းနှင့် AI ဖြင့် ဖန်တီးမှုအကြား လုပ်နည်းကိုင်နည်းစနစ်ခွဲခြားရန် ပိုမိုဝေဝါးလာခဲ့ပြီး သုံးစွဲသူများအကြား ဝေဖန်စဉ်းစားခြင်း၊ သတိဖြင့် စောင့်ကြည့်ခြင်းဟူသည့် စွမ်းရည်သစ်များ လိုအပ်လာနေပါသည်။

သတင်းအချက်အလက် အခင်းအကျင်းသစ်သည် လူသားများ၏ လုပ်ဆောင်မှုနှင့် AI ၏ လုပ်ဆောင်မှုဆုံမှတ်သို့ ရောက်ရှိနေပါသည်။ ယင်းအချက်မှာ အသုံးပြုသူများ ကိုယ်တိုင်ဖန်တီးထုတ်လုပ်ခြင်းနှင့် မီဒီယာလုပ်ငန်းများမှ ဖန်တီးထုတ်လုပ်ကာ ဆိုရှယ်မီဒီယာပလက်ဖောင်းသို့ တင်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် သတင်းအချက်အလက်ဆိုင်ရာများ ဖန်တီးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးမှု ဆင့်ကဲပြောင်းလဲတိုးတက်လာမှုတွင် ပြည်သူများအတွက် ၎င်းတို့ရောက်ရှိနေသည့် အနေအထားကို နားလည်သဘောပေါက်ရန် အရေးကြီးသောအချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်ကို ပုံဖော်ရာတွင် ပြည်သူတစ်ဦးချင်းစီတိုင်းက ဖန်တီးမှု၊ ဆန်းသစ်မှုနှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများဖြင့် တက်ကြွစွာ ပါဝင်သူများ ဖြစ်လာနိုင်ပေမည်။ သတင်းအချက်အလက်များကို လိုရာပုံဖော်သုံးစွဲခြင်းမျိုးထက် ပြည်သူကို ပိုမိုဗဟိုပြုရန်၊ ဒီမိုကရေစီ လက်ခံကျင့်သုံးရန်၊ အားလုံးပါဝင်နိုင်စေရန်နှင့် သတင်းအချက်အလက် ဂေဟာစနစ်ကို ကောင်းစွာနားလည် ကြံ့ကြံ့ခံနိုင်ရန် အခြေခံကောင်းများ ချမှတ်ပေးရပါမည်။

**အွန်လိုင်းတွင် သတင်းတု၊ သတင်းမှားများ ပေါများလာ**

လျင်မြန်သည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုသည် သင်ယူလေ့လာနိုင်ခြင်း၊ ကူးလူးဆက်ဆံနိုင်ခြင်းနှင့် ဆန်းသစ်တီထွင်နိုင်ခြင်းဟူသည့် အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေးနေသလို စိန်ခေါ်မှုများစွာကိုလည်း သယ်ဆောင်လာနေပါသည်။ သတင်းတု၊ သတင်းအမှား၊ အမုန်းစကားနှင့် အတွင်းရေးလျှို့ဝှက်ချက်များ၊ AI ဖြင့် လုပ်ဆောင်သည့် ကျား၊ မ ခွဲခြားမှုများ၊ လူမျိုးရေးတရားသေကိုင်စွဲမှုများ ပေါ်ပေါက်လာခဲ့ခြင်းသည် တစ်ဦးတစ်ယောက်ချင်းမှ လူမှုအသိုက်အဝန်းများ၊ အုပ်ချုပ်ရေးယန္တရားနှင့် ကမ္ဘာတစ်ခွင် ငြိမ်းချမ်းရေးကို ထိခိုက်စေသည်အထိ ပြဿနာရပ်များ ပေါ်ပေါက်အောင် ဖိအားပေးနိုင်ခဲ့သည်။ အွန်လိုင်းတွင် သတင်းတု၊ သတင်းမှားများ ပေါများလာခြင်းသည် ပဋိပက္ခများ၊ ရွေးကောက်ပွဲများ၊ ကျန်းမာရေးဆိုင်ရာများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကဲ့သို့သော အရေးကြီးသည့်ကိစ္စရပ်များနှင့် စပ်ဆိုင်လာသောအခါ အထူးစိုးရိမ်စရာဖြစ်လာခဲ့သည်။

ဉာဏ်ရည်တုကို အသုံးပြု၍ မဟုတ်မမှန် လုပ်ကြံရေးသားထားသည့် အကြောင်းအရာများ ဖန်တီး၍ ယင်းကို အတိုင်းအတာတစ်ခုအထိ ပျံ့နှံ့သွားအောင် လုပ်ဆောင်စေခြင်းဖြင့် သတင်းတု၊ သတင်းမှားများ ပျံ့နှံ့မှုနှုန်း အားကောင်းရန် လုပ်ဆောင်နိုင်ပြီဖြစ်သည်။ ဉာဏ်ရည်တုသည် တုပထားသည့်၊ မှားယွင်းသည့် သတင်းအချက်အလက်များ ဖန်တီးရာတွင် ဦးဆောင်နေပြီဟု ယူဆ၍ရနိုင်ပါသည်။

**မီဒီယာနှင့် သတင်းအချက်အလက်ကို ကောင်းစွာအသုံးချ**

ယူနက်စကို၏ ကမ္ဘာလုံးဆိုင်ရာ MIL အစီအစဉ်တွင် လူငယ်များအား ဉာဏ်ရည်တုဖြင့် ဖန်တီးပုံဖော်မှု အားကောင်းလာသည့် ဒစ်ဂျစ်တယ်အသိုက်အဝန်းအတွင်း ပူးပေါင်းဖန်တီးမှု၊ တွဲဖက်ဦးဆောင်မှု၊ MIL ပညာပေးရေးလုပ်ငန်းများတွင် ရေရှည်ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။ ယင်းအချက်ကို လက်ရှိ MIL ဆိုင်ရာမူဝါဒတွင် မီးမောင်းထိုးပြထားသည့်အချက်မှာ "မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုကို ကောင်းစွာအသုံးချ၍ ဉာဏ်ရည်တု နည်းပညာဖြင့် စွမ်းဆောင်ချက်ကောင်းများ တိုးတက်ပေါ်ထွန်းလာစေရေး"ဟူ၍ ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကဏ္ဍအသီးသီးမှ stakeholder များဖြစ်သော အစိုးရအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် တက္ကသိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုံနှိပ်၊ ရုပ်သံလွှင့်၊ အွန်လိုင်းမီဒီယာများနှင့် နည်းပညာကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ ရက်သတ္တပတ် အခမ်းအနားများကျင်းပကာ အသိပညာများ ဝေမျှဆွေးနွေးမှုများ ဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့ကြောင့် အားလုံးအတွက် ဘေးကင်းလုံခြုံပြီး ပိုမိုပူးပေါင်းပါဝင်နိုင်သည့် ဒစ်ဂျစ်တယ်အနာဂတ်ကို ပုံဖော်ကြရန် ခိုင်မာသည့်လုပ်ဆောင်ချက်များ ချမှတ်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်လျက် ၂၀၂၄ ခုနှစ် Global MIL Week အား ကြိုဆိုလိုက်ရပါသည်။ ။

**(ကိုးကား၊ Concept Note of 2024 Global MIL Week, UNESCO)**

**❍ သတင်းတု၊ သတင်းအမှား၊ အမုန်းစကားနှင့် အတွင်းရေးလျှို့ဝှက်ချက်များ၊ AI ဖြင့် လုပ်ဆောင်သည့် ကျား၊ မ ခွဲခြားမှုများ၊ လူမျိုးရေးတရားသေကိုင်စွဲမှုများ ပေါ်ပေါက်လာခဲ့ခြင်းသည် တစ်ဦးတစ်ယောက်ချင်းမှ လူမှုအသိုက်အဝန်းများ၊ အုပ်ချုပ်ရေးယန္တရားနှင့် ကမ္ဘာတစ်ခွင် ငြိမ်းချမ်းရေးကို ထိခိုက်စေသည်အထိ ပြဿနာရပ်များ ပေါ်ပေါက်အောင် ဖိအားပေးနိုင်ခဲ့သည်။ အွန်လိုင်းတွင် သတင်းတု၊ သတင်းမှားများ ပေါများလာခြင်းသည် ပဋိပက္ခများ၊ ရွေးကောက်ပွဲများ၊ ကျန်းမာရေးဆိုင်ရာများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကဲ့သို့သော အရေးကြီးသည့်ကိစ္စရပ်များနှင့် စပ်ဆိုင်လာသောအခါ အထူးစိုးရိမ်စရာဖြစ်လာ**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂)ခုရှိရာ အောက်တိုဘာ ၂၂ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါးအချပ် (၂၀) ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ – ၂၂.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၂.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၆၄၂၂ | ၆၂၆.၆၃ | ၅၆၃၃၀၆ | ၁၆၉၄၆ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၂၄ | - | ၀.၀၁ | ၆၂၆.၇၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၉၅ | ၆၂၇.၂၀ | ၂၈၃၅၂ | - | ၇.၈၀ | ၈၁၄၈ | - | - | ၀.၂၀ | ၆၂၇.၀၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၂ | ၅၁၈.၆၀ | ၈၇၉၄၈ | ၂၇၀ | ၁.၄၀ | ၃၈၂၂ | - | - | ၀.၂၆ | ၅၁၈.၆၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၅ | ၅၀၉.၀၅ | ၁၀၂၁၉ | ၇ | ၂.၉၅ | ၂၀၃၈ | - | - | ၀.၀၅ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၄၈ | ၄၃၇.၇၈ | ၆၉၃၄၀ | ၂၈၆ | ၁.၂၂ | ၃၆၆၀ | - | - | ၀.၀၉ | ၄၃၇.၈၀ |
| ၆ | လေိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၅ | ၅၃၄.၅၁ | ၇၃၀၃၀ | - | ၀.၄၉ | ၁၉၇၀ | - | - | - | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၉၁ | ၇၅၃၈ | ၁၁ | ၂.၀၉ | ၁၁၈၀ | - | - | - | ၄၁၅.၉၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၅၁ | ၇၀၃.၄၄ | ၁၀၇၀၉၆ | ၁၆၅ | ၆.၅၆ | ၃၅၉၉၄ | - | - | ၀.၁၈ | ၇၀၃.၄၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၂၅ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၈ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၀ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | ၀.၂၁ | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

**မှတ်ချက် – ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက်အချပ် (၂၀) ထောင်ထားပါသည်။**

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေး၊ ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင် နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊

❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊

❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံး ပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှု နှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊

❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊

❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊

❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေသြဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ဘီလူးငါးကောင်အမှတ်တံဆိပ် အမျိုးသားအကြောသန်အားတိုးဆေးမှုန့်နှင့် ဆာဒူးကြီးအမှတ်တံဆိပ် အမျိုးသားအကြောသန် အားတိုးဆေးမှုန့်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း သတ်မှတ်ချက် (၁၀)ချက် ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေး Sildenafil ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ဘီလူး ငါးကောင် | အမျိုးသား အကြောသန် အားတိုး ဆေးမှုန့် | ဆေးမှုန့် | အမှတ် ၃၄၄၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၂။ | ဆာဒူးကြီး | အမျိုးသား အကြောသန် အားတိုး ဆေးမှုန့် | ဆေးမှုန့် | အမှတ် ၃၄၄၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |




**Sildenafil ရောနှောသည့် ဆေးဘူးနမူနာများ**

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၀) ပထမနေ့ကို အောက်တိုဘာ ၂၂ ရက်က ကျင်းပရာ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း နိုင်ပွဲရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရခိုင်ယူနိုက်တက် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ထိပ်ဆုံးငါးသင်း စာရင်းဝင်ရန် ကြိုးပမ်းနေသည့် သစ္စာအားမာန်အသင်းအတွက် အဖိုးတန်နိုင်ပွဲဖြစ်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၃၅ မိနစ်တွင် ရခိုင်အသင်းမှ ဖိုးသကြံန် ကိုယ့်ဂိုးကိုယ်သွင်းရာမှ အဖွင့်ဂိုးရခဲ့ပြီး ဒုတိယဂိုးကိုမူ ၈၁ မိနစ်တွင် ခန့်ဘုန်းနိုင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်း နောက်ခံလူ ဟိန်းမင်းဦးက ရရှိသည်။



သစ္စာအားမာန်နှင့် ရခိုင်ယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက် အသင်းသည် နောက်ကျဂိုးဖြင့် အနိုင်ရရှိပြီး ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။ ရောဝတီအသင်းသည် နိုင်ပွဲရယူနိုင်ရန် ရုန်းကန်ခဲ့သော်လည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

ရှမ်းယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးကို ၈၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကောင်းထက်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ဟန်ထွန်းဇော်က ရရှိသည်။

ပွဲစဉ် (၂၀) ဒုတိယနေ့ကို အောက်တိုဘာ ၂၃ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်း၊ ပဒုမ္မာကွင်း၌ Dagon Port အသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ တက္ကသိုလ်ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ မြန်မာနှင့် ယီမင် ယနေ့ ကစားမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ဗီယက်နမ်နိုင်ငံ၌ကျင်းပမည့် ၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စု (I) ပွဲစဉ်များကို အောက်တိုဘာ ၂၃ ရက် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ယီမင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲ အုပ်စု (I) တွင် ယီမင်၊ ဗီယက်နမ်၊ ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ အုပ်စု (I) ပထမနေ့အဖြစ် အောက်တိုဘာ ၂၃ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ယီမင်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်ဗီယက်နမ်နှင့် ကာဂျစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပလျက်ရှိပြီး ထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အုပ်စု (I) အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၂ ရက်ကကျင်းပရာ မြန်မာအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုး အပါအဝင် ယီမင်၊ ဗီယက်နမ်နှင့် ကာဂျစ္စတန်အသင်းတို့မှ နည်းပြချုပ်များ တက်ရောက်သည်။ မြန်မာ ယူ-၁၇ အသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးက "အာဆီယံပြိုင်ပွဲပြီးနောက်မှာ အသင်းကို နည်းစနစ်ပိုင်းက အစ အပြောင်းအလဲတွေ ပြုလုပ်ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့အသင်းမှာ အထက်တန်းကျောင်းသားတွေလည်း ပါဝင်ပါတယ်။ ရလဒ်ကောင်းဖို့အတွက် အကောင်းဆုံးကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ရဲရင့်လွင်

**ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် အောက်တိုဘာ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဦးငြိမ်းကို၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ထွေးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက နေခြည်မြို့မဈေး၌ မီးဘေးလုံခြုံရေး အသိပညာပေး စစ်ဆေးစဉ်။**

ရောဦးသာ(မြန်အောင်)



## မိုင်းယန်းမြို့၌ ကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မိုင်းယန်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ (Old Star)ဘောလုံးဖလား ကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၂ ရက်က ဟောကန်ရပ်ကွက်အတွင်းရှိ မြို့မအားကစားဘောလုံးကွင်း၌ ကျင်းပသည်။


ဗိုလ်လုပွဲတွင် ဝိန်းလိတ်ရပ်ကွက်အသင်းနှင့် ကျော်ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဝိန်းလိတ်အသင်းက သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မိုင်းယန်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းသန့်နှင့် အဖွဲ့က ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ဂုတ်ပြုမှတ်တမ်းလွှာများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ထွန်းထွန်းထူး**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တိရစ္ဆာန်အစားအစာများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၂

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

အောက်တိုဘာ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၂၀၂၉၆) ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၁၅၂၆၃) ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှတရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၃၇၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈၉၇၂၅၅၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

**အရေးယူဆောင်ရွက်**

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဧက(၁၀၀) လယ်ကွင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် အိန္ဒူစံပြကျေးရွာ မိုက်အောင်ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ တိရစ္ဆာန်အစားအစာတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူ(၁) လမ်းဘေးတစ်နေရာ၌ စုပုံထားသော လက်ဝတ်ရတနာပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၃၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ကျောက်ဆည်မြို့နယ် မြို့အဝင်ဘီးခွန် ကောက်ခံရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် မီးသွေး ၁၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀)နှင့် အဆိုပါမီးသွေးများ တင်ဆောင်လာသည့် Toyota Dyna မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၅၀၆၅၀၀ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း မြဝတီဆီဆိုင်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၀၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၂၃၃၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**ကြပ်မတ်ဆောင်ရွက်**

အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၄၈၄၁၃၉၅ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု စသည်များ လျော့ကျလာစေပြီး အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

***❖ ကျောဖုံးမှ***

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။


အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၃ ရက်တွင် ဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၅ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**၂၂-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၂၁:၃၀) နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ**



# လှိုင်လင်၊ တောင်ကြီးနှင့် ဟိုပုံးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

လှိုင်လင်မြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

**ဖမ်းဆီးရမိ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ မိနစ် ၄၀ တွင် လှိုင်လင်မြို့နယ် ပင်လုံမြို့ ပန်မုန့်ကျေးရွာအုပ်စု ပေါင်းလိုင်းကျေးရွာအနီးတွင်နော်ထွန်းမောင်းနှင်လာသည့် HONDA FIT အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၀ ဒသမ ၀၀၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါနေရာ၌ စိုင်းပီး မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၀ ဒသမ ၆ ကီလိုနှင့် ကက်တမင်း ၀ ဒသမ ၁ ကီလိုကို လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် စိတ်ပြောင်းဆေးဝါးများ လက်ခံမည့်သူများဖြစ်သည့် ထက်အောင်ဦးနှင့် မောင်မောင်ထွန်း (ခ) အားမီ (ခ) အားချိန် တို့ကို တောင်ကြီးမြို့ သစ်တောရပ်ကွက်တွင် HONDA FIT အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ နယ်မြေ(၉)ရှိ ထက်အောင်ဦး၏ နေအိမ်မှ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၆၈ ကီလိုကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



နော်ထွန်း၊ စိုင်းပီး၊ ထက်အောင်ဦး နှင့် မောင်မောင်ထွန်း(ခ)အားမီ(ခ)အားချိန် တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**အရေးယူ**

အလားတူ အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀တွင် ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လုံခုတ်ကျေးရွာအုပ်စု ဟိုနန့်ကျေးရွာအနီးတွင် TOYOTA SUCCEED အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ဇော်မိုးလွင်(ခ) ဇော်လင်း ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀၊ အိုက်စ် (မက်သ်အဖက်တမင်း) ၀ ဒသမ ၄ ကီလိုကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဟုမ္မလင်းမြို့နယ်တွင် တစ်ပိုင်တစ်နိုင် အာဆီယံသပြေပန်း စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**ဟုမ္မလင်း အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် သီးနှံမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမျိုးစုံ စိုက်ပျိုးလျက်ရှိရာ တစ်ပိုင်တစ်နိုင် အာဆီယံသပြေပန်း**(အောက်ပုံ)** စိုက်ပျိုးသူများ မိသားစုဝင်ငွေရရှိနေကြောင်း သိရသည်။



"အာဆီယံသပြေ အပင် ၁၀၀၀ ကျော် စိုက်ပျိုးထားတာ ရှစ်နှစ်ခန့်ရှိပြီဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ လွယ်ကူပြီး ကုန်ကျစရိတ်လည်း သက်သာပါတယ်။ မြို့တွင်းရောင်းချကြတဲ့ ပန်းသည်တွေနဲ့ နမ်တော၊ နောင်ပိုအောင်ဈေးကို သွားရောက်ရောင်းချတဲ့ ပန်းသည်တွေက ခြံအထိ လာရောက်ဝယ်ယူကြပါတယ်။ ပန်း ငါးခက်ကို ငွေကျပ် ၁၀၀၀ နဲ့ ရောင်းရတဲ့အတွက် တစ်ရက်မိသားစုဝင်ငွေကျပ် ၃၀၀၀၀ ကျော်ရရှိပါတယ်" ဟု အာဆီယံ သပြေပန်း စိုက်ပျိုးသူခြံပိုင်ရှင် ဒေါ်တင်ရီက ပြောသည်။

ဟုမ္မလင်းမြို့နယ်တွင် အာဆီယံသပြေပန်းကို နေအိမ်ခြံဝင်းများအတွင်း နွေ၊ မိုး၊ ဆောင်း ရေတင်စိုက်ပျိုးကြကြောင်း၊ မိုးရာသီ၌ အထွက်နှုန်းကောင်းပြီး ရောင်းအားပိုမိုကောင်းမွန်ကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

# အိမ်မဲမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ အောက်တိုဘာ ၂၀ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက် ည ၁၀ နာရီခွဲခန့်တွင် အိမ်မဲမြို့နယ် ပါရမီဒေါင့်ကျေးရွာအနီး အိမ်မဲ-ဒါးကကားလမ်း မိုင်တိုင်အမှတ် ၂ မိုင် ၀ ဖာလုံနှင့် ၁ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အိမ်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးကျေးရွာနေ မင်းနိုင်စိုး(၂၉)နှစ် မောင်းနှင်သော CHN- 9 2P/ --- NISSAN AD VAN မော်တော်ယာဉ်မှာ အခင်းဖြစ်နေရာအရောက်၌ လမ်းချော်မှုဖြစ်ပြီး လားရာတူ ရှေ့မှ ဆိုင်ကယ်တွန်း၍ လမ်းလျှောက်နေသော တစ်ရပ်ကွက်တည်းနေ မျိုးမြင့်လတ်(၄၃)နှစ်အား နောက်မှဝင်ရောက်တိုက်မိခဲ့သဖြင့် မျိုးမြင့်လတ်မှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားပြီး မင်းနိုင်စိုးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မင်းနိုင်စိုးအား အိမ်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြေပြိုဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

မြေပြိုခြင်းမဖြစ်မီ အောက်ပါကြိုတင် ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်

(က) မိမိပတ်ဝန်းကျင်ရှိ ဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်း ကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ၊

(ခ) မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ၊

(ဂ) ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးပါ၊

(ဃ) သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများတွင် အစိုးရ၊ ရပ်ရွာ လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ၊

(င) တောင်ကုန်းတောင်စောင်းတွင် နေထိုင်သူများအနေဖြင့် မိမိအိမ်ဝန်းကျင်ရှိ မြေပြိုမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် အိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပါ၊

(စ) မြေပြိုမှု၊ တောင်ပြိုမှု ဖြစ်ပွားလေ့ရှိသော နေရာများကို ကြိုတင်လေ့လာထားပါ။ မြေပြိုမှုဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများကို သတိပြုပါ၊

(ဆ) မြေပြိုနိုင်သောနေရာများ (မတ်စောက်သော တောင်စောင်းများ၊ မြေပျော့သောနေရာများ၊ ရေဝပ်သောနေရာများ) တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသော လျှိုအနီးတွင် အဆောက်အအုံဆောက်လုပ်ခြင်းမပြုရ။

(ဇ) မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်-
- မိမိတို့၏ နေအိမ်တံခါးများ ဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း၊
- အိမ်၏ အုတ်နံရံများ အက်လာခြင်း၊
- ခြံစည်းရိုးများ နေရာရွေ့လာခြင်း၊
- သစ်ပင်များ နေရာရွေ့ခြင်း၊ စောင်းလာခြင်း၊
- မြေများ အက်ကွဲခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။

(ဈ) မြေပြိုတတ်သော နေရာများတွင် နေထိုင်သူဖြစ်ပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ်ထားပါ၊

(ည) တောင်စောင်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သူများအနေဖြင့် မိမိတို့ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကို သတိပြုပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဝါးခယ်မမြို့နယ်၌ မီးလောင်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ အောက်တိုဘာ ၂၁ ရက်က ဖယောင်းတိုင် မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက် မြို့မဈေးအပြင်တန်းတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဝါးခယ်မမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် မီးငြိမ်းသွားပြီး ဖြစ်စဉ်ကို စိစစ်ခဲ့ရာ အဆိုပါရပ်ကွက်နေ ဦးသေးသေး(ခ) အောင်ကျော်လင်း(၃၅)နှစ်၏ နေအိမ်နှင့် တွဲလျက်ဖွင့်ထားသည့် "Popular" အရပ်ဆိုင်၏ နေအိမ်အပေါ်ထပ်တွင် ထွန်းထားသည့် ဖယောင်းတိုင်မီးမှတစ်ဆင့် ကြမ်းပြင်ပေါ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ် တစ်လုံး၊ ဈေးဆိုင်ခန်း ၁၁ ခန်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး ၎င်း၏ ဖခင်ဖြစ်သူ ဦးတင်ရွှေ(၈၇)နှစ်မှာ မီးလောင်သေဆုံးသွားသောကြောင့် သေးသေး(ခ) အောင်ကျော်လင်းအား ဝါးခယ်မမြို့မရဲစခန်း က အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသနှင့် ပုံးအင်းဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်လှူဒါန်း

**ဟိုပုံး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မဲနယ်တောင်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို အလှူရှင်များက အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက စံဖူးကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပေးအပ်လှူဒါန်းကြသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် တာဝန်ရှိသူများသည် ကမ္ဘောဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီတို့နှင့်အတူ စံဖူးဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကာ ရေဘေးသင့်ကျေးရွာများဖြစ်သည့် စံဖူးကျေးရွာ၊ နောင်စုံကျေးရွာ၊ ကျောက္ကချားကျေးရွာ၊ တလျနိုးကျေးရွာ၊ ထမ်းအယ်ကျေးရွာ၊ ဗန်းစောက်ကျေးရွာ၊ လိုက်ကန်ကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၁၀၀၀ ကို လည်းကောင်း၊ ကမ္ဘောဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီတို့က ရေဘေးသင့်ပြည်သူများ အတွက် စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများနှင့် စက်သုံးဆီတို့ကို လည်းကောင်းလှူဒါန်းပေးပြီး ကမ္ဘောဇဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံလုံးဆိုင်ရာ စတုတ္ထအကြိမ်မြောက် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲအတွက် ငွေကျပ်သိန်း ၁၀၀၀ တို့ကိုပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ပုံးအင်းဒေသရှိ ဝမ့်ခွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိ၍ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။ ယင်းနောက် ကမ္ဘောဇဖောင်ဒေးရှင်းမှ ပုံးအင်းဒေသရှိ စပါးပျက်စီးဧက ၄၂၁၁ ဧကအတွက် ငွေကျပ်သိန်း ၂၁၀၅ တို့ကို လည်းကောင်း၊ ကမ္ဘောဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီတို့က စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး



ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက်မှ ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟိုပုံးမြို့နယ်တွင် စက်တင်ဘာ ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာပေါင်း ၃၀ တို့တွင် ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၂၆ ဦး၊ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ် ၂၆၄ အိမ်ရှိပြီး လမ်း၊ တံတားများ၊ တိရစ္ဆာန်များနှင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်နီး/ရပ်ဝေးဒေသများမှ အလှူရှင်များကလည်း မဲနယ်တောင်ဒေသ နှင့် ပုံးအင်းဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့်ထောက်ပံ့ငွေများ လာရောက်လှူဒါန်းပေးလျက်ရှိကြောင်းသိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# လုပ်ငန်းခွင်အတွင်းထိခိုက်သေဆုံးမှု အကျိုးခံစားခွင့်ထုတ်ပေး

**မှော်ဘီ အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Natural Clay Co.,Ltd. မှအာမခံအလုပ်သမား အတွက်ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၂ ရက်က



ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Natural Clay Co.,Ltd. မှ အာမခံအလုပ်သမား ဦးထွန်းထွန်းအောင်၏ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ (ကျပ်လေးဆယ့်သုံးသိန်း နှစ်သောင်းတိတိ) ကို သမီးဖြစ်သူ မထက်မြတ်နိုးဦးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ (မှော်ဘီ)**

# မလှိုင်မြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မလှိုင် အောက်တိုဘာ ၂၂**

မလှိုင်မြို့နယ်ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက် ဦးဆောင်၍ မြို့နယ်ဆရာဝန်ကြီးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များသည် မလှိုင်မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာဈေးအတွင်း ဈေးဝယ်သူနှင့် ရောင်းချသူများ၊ မြို့နယ်ရေပေးဝေရေး ရေစုကန်များ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ၌ အသုံးပြုလျက်ရှိသော ရေကန်များအတွင်းသို့ ကလိုရင်းများခတ်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာဟောပြောခြင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းအတွင်း အစားအသောက်ချက်ပြုတ်သည့်နေရာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**



# ပုဇွန်တောင်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ



အစည်းအဝေးကို ပုဇွန်တောင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးရွှေမိုးဃံက သမဝါယမအသင်းကိစ္စများ ဆွေးနွေးပြီး တိုင်းဒေသကြီးသမဝါယမဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမဖွံ့ဖြိုးတိုးတက်ရေးနှင့် အသင်းလုပ်ငန်းများ စနစ်တကျလုပ်ဆောင်ရေး ရှင်းလင်းပြီး ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာများကို အသင်းဝင်အမှုဆောင်တစ်ဦးက ဖတ်ကြားရှင်းလင်းခဲ့ပြီး အသင်းဝင်အသင်းသားများ၏ အတည်ပြုချက်များ ရယူသည်။ ဆက်လက်၍ တက်ရောက်လာသည့် သမဝါယမအသင်းများမှ အသင်းဝင်များအား အစုပေါ်အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**ဟန်စုယဉ်**

# Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ကော်ဖီများ ဘယ်လ်ဂျီယံနိုင်ငံသို့တင်ပို့

**တောင်ကြီး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသည့် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ယခုနှစ် အောက်တိုဘာလအတွင်း ပြည်ပပို့ကုန်အဖြစ် ကော်ဖီ Green Bean တစ်အိတ်လျှင် ကီလို ၆၀ ဖြင့် ကော်ဖီတန်ချိန် ၆၈ ဒသမ ၁၆ တန်ကို ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယနေ့အချိန်ထိ ကော်ဖီတန်ချိန်ပေါင်း ၁၀၂ ဒသမ ၂၄ တန်အထိ ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များ အတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။


( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

**အိမ်ပြင်ပဍ္ဍထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

အောက်တိုဘာ ၂၃ ရက် ညပိုင်းနဲ့ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတို့မှာ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စု ပွဲစဉ် (၃) ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ပွဲစဉ်များတွင် ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်၊ လိုက်ပ်ဇစ်နဲ့ လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။



**ချန်ပီယံလိဂ် အုပ်စု ပွဲစဉ် (၃)**

| ၂၃-၁၀-၂၀၂၄ | ဗုဒ္ဓဟူးနေ့ |
|---|---|
| အတ္တလန္တာ – ဆဲလ်တာ | ည ၁၁း၁၅ |
| ဘရက်စ် – လေဗာကူဆင် | ည ၁၁း၁၅ |
| အေတီမက် – လိုင်လီ | နံနက် ၁း၃၀ |
| ဘာစီလိုနာ–ဘိုင်ယန်မြူးနစ် | နံနက် ၁း၃၀ |
| ဘင်ဖီကာ – ဖီယင်နူ | နံနက် ၁း၃၀ |
| ဆောလ်ဘတ်– ဒိုင်နမိုဇာဂရက် | နံနက် ၁း၃၀ |
| မန်စီးတီး – စပါတာ | နံနက် ၁း၃၀ |
| လိုက်ပ်ဇစ် – လီဗာပူး | နံနက် ၁း၃၀ |
| ယန်းဘွိုင်းစ် – အင်တာမီလန် | နံနက် ၁း၃၀ |

# ဘိုင်ယန်မြူးနစ်နဲ့တွေ့တိုင်း ရလဒ်မကောင်းတတ်တဲ့ အစဉ်အလာကို ဘာစီလိုနာအသင်း ချေဖျက်သွားနိုင်မလား....

■ မိုးဇက် – သုံးသပ်သည်

### ဘရက်စ် VS လေဗာကူဆင်

ပြင်သစ်ကလပ် ဘရက်စ်ရော ဂျာမန်ကလပ် လေဗာကူဆင် အသင်းပါ ချန်ပီယံလိဂ်မှာ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး နိုင်ပွဲရရှိထားတယ်။ နိုင်ပွဲရရှိပြီး တိုက်စစ်ထက်မြက်တဲ့အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာပါတယ်။ လေဗာကူဆင် အသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် တိုက်စစ်ကစားသမား ဘွန်နီဖေ့စ်ရှိပြီး ဘရက်စ်အသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ကွင်းလယ်တိုက်စစ်ကစားသမား ကက်စတယ်လို ရှိတယ်။ အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရရှိမယ်။

### အေတီမက် VS လိုင်လီ


အက်သလက်တီကိုမက်ဒရစ် (အေတီမက်) အသင်းက နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရတဲ့အထိ ခြေစွမ်းကျဆင်းနေတယ်။ လိုင်လီအသင်းက နောက်ဆုံးငါးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘဲ နိုင်ပွဲသုံးပွဲအထိ ရရှိထားတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ် နှစ်ပွဲမှာ နှစ်သင်းစလုံး တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ရရှိထားတယ်။ ဒါကြောင့် ဒီပွဲစဉ်က နှစ်သင်းစလုံးအတွက် မဖြစ်မနေနိုင်ပွဲရဖို့ အရေးပါနေတယ်။ လိုင်လီအသင်းထက် ချန်ပီယံလိဂ်မှာ ခြေစွမ်းကောင်းပြတတ်လေ့ရှိတဲ့ အေတီမက်အသင်း နိုင်ပွဲရဖွယ်ရှိတယ်။

### ဘာစီလိုနာ VS ဘိုင်ယန်မြူးနစ်

ချန်ပီယံလိဂ်မှာ အစဉ်အလာကြီးမားတဲ့ အသင်းကြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဘာစီလိုနာအသင်းက ဘိုင်ယန်မြူးနစ်အသင်းနဲ့ နောက်ဆုံးတွေ့ဆုံထားတဲ့ သုံးကြိမ်မှာ သုံးကြိမ်စလုံး ဂိုးပြတ်ရှုံးနိမ့်ထားတယ်။ လက်ရှိမှာ ဘာစီလိုနာအသင်းက ဘိုင်ယန်မြူးနစ်တိုက်စစ်ကစားသမားဟောင်း လီဝမ်ဒေါ့စကီး ခြေစွမ်းပြမှုနဲ့အတူ နိုင်ပွဲဆက်ရရှိနေတယ်။ ဘိုင်ယန်မြူးနစ်အသင်းမှာလည်း အဓိက တိုက်စစ်ကစားသမား ဟယ်ရီကိန်း ခြေစွမ်းပြနေတယ်။

### လိုက်ပ်ဇစ် VS လီဗာပူး

ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းက ချန်ပီယံလိဂ်မှာ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး ရှုံးနိမ့်ထားတဲ့ အသင်းဖြစ်တယ်။ နည်းပြသစ် စလော့သ်လက်ထက်မှာ ခြေစွမ်းပြနေတဲ့ ပြိုင်ဘက်လီဗာပူး အသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး နိုင်ပွဲရရှိထားတယ်။ ဒါကြောင့် လီဗာပူးအသင်းထက် လိုက်ပ်ဇစ်အသင်းက မဖြစ်မနေ နိုင်ပွဲရဖို့ လိုအပ်နေတယ်။ သို့သော်လည်း ခံစစ်ပိုင်းကျစ်လျစ်မှုနဲ့အတူ တိုက်စစ်ပိုင်းထက်မြက်တဲ့ လီဗာပူးအသင်းကို ကျော်ဖြတ်ဖို့ မလွယ်ဘူး။ ဒါကြောင့် လိုက်ပ်ဇစ်အသင်းထက် လီဗာပူးအသင်း ရလဒ်ကောင်း ရရှိဖွယ်ရှိတယ်။



## စာချုပ်သစ်ချုပ်ဆိုရေးနှင့်ပတ်သက်ပြီး လီဗာပူးအသင်းနှင့် ဗန်ဒိုက် ဆွေးနွေးနေ

လီဗာပူးအသင်းခေါင်းဆောင် ဗန်ဒိုက်သည် စာချုပ်သစ်ချုပ်ဆိုရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ဗန်ဒိုက်သည် ၂၀၁၈ ခုနှစ်တွင် အန်းဖီးလ်သို့ ရောက်ရှိလာသူဖြစ်ပြီး လက်ရှိတွင် အသင်းနှင့်ချုပ်ဆိုထားသော ၎င်း၏ စာချုပ်သက်တမ်းမှာ ရာသီကုန်တွင် ကုန်ဆုံးတော့မည် ဖြစ်သည်။ ဆောက်သမ်တန်အသင်းမှ ပေါင် ၇၅ သန်းဖြင့် ပြောင်းရွှေ့ရှိလာသော ဗန်ဒိုက်သည် လီဗာပူးအသင်းကို ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလား၊ လိဂ်ဖလားနှင့် ကလပ်ကမ္ဘာ့ဖလားတို့ကို ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သူ ဖြစ်သည်။

၎င်းသည် လီဗာပူးအသင်းအတွက် ပြိုင်ပွဲစုံ ၂၈၀ ပါဝင်ကစားထားပြီး ၂၄ ဂိုး သွင်းယူပေးထားနိုင်သည်။ အင်္ဂလန်ကစားသမား အာနိုးနှင့် အီဂျစ် တိုက်စစ်ကစားသမား ဆာလာတို့လည်း လာမည့်နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

## မြန်မာ-ဟောင်ကောင် အမျိုးသမီးခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲအကြို ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် ကစားသမားများ တက်ရောက်သည်။

မြန်မာအသင်းနည်းပြချုပ် ယုကီတက်ဆုရိုက "ဟောင်ကောင်နဲ့ တွေ့ဆုံဖူးပေမယ့် ရလဒ်ကောင်းထပ်ယူနိုင်ဖို့ သေချာပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့အသင်းဟာ ဒီနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲတွေ မရှိပေမယ့် ခြေစမ်းပွဲတွေမှာ အနိုင်ရဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ပရိသတ်တွေ ကျေနပ်မှုရစေဖို့ ကစားသမားတွေ အကောင်းဆုံး ကြိုးစားမယ်ဆိုတာ ယုံကြည်ပါတယ်။ ဟောင်ကောင်ကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပါပြီ"ဟု ပြောကြားသည်။ ဟောင်ကောင်အသင်းနည်းပြချုပ် ရီကာဒိုရမ်ဘိုက "မြန်မာအသင်းဟာ ခြေစွမ်းကောင်းမွန်တဲ့ အသင်းဖြစ်တာကြောင့် ကျွန်တော်တို့အတွက် အကျိုးရှိစေမယ့် ခြေစမ်းပွဲဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းမှာလည်း ပြည်ပထွက်ကစားနေတဲ့ ကစားသမားအချို့ ပါဝင်လာပါတယ်။ အသင်းကို တည်ဆောက်ရာမှာ အတွေ့အကြုံရှိသူရော လူငယ်ကစားသမားတွေကိုပါ ထည့်သွင်းရွေးချယ်ထားပါတယ်။ မတူညီတဲ့ ကွင်းနှစ်ကွင်းမှာ ကစားရမှာ ဖြစ်ပေမယ့် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရန် မရှိသော်လည်း နိုင်ငံတကာခြေစမ်းပွဲများ ကစားနေခြင်းဖြစ်ပြီး ဇူလိုင်လတွင် အိန္ဒိယလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားပြီးနောက် ယခုလတွင် ခြေစမ်းပွဲ ထပ်မံကစားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ကျင်းပသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အုပ်စုအဆင့်တွင် တွေ့ဆုံပြီးနောက် ယခုခြေစမ်းပွဲတွင် တွေ့ဆုံခြင်းဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ အုပ်စုပွဲတွေ့ဆုံရာတွင် မြန်မာအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့၏ ပထမခြေစမ်းပွဲကို အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**



## ကမ္ဘာ့အဆင့် (၁) နေရာကို တက်လှမ်းလာသည့် ယူအက်စ်အိုးပင်းချန်ပီယံ စဘယ်လင်ကာ

ယူအက်စ်အိုးပင်းချန်ပီယံ အရှိုင်နာ စဘယ်လင်ကာသည် နောက်ဆုံး WTA အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့် နံပါတ်တစ်နေရာသို့ တက်လှမ်းလာကြောင်း သိရသည်။ ထို့ကြောင့် ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်၏ ၁၁ လကြာ ကမ္ဘာ့အဆင့် (၁) နေရာရပ်တည်မှုကို အဆုံးသတ်နိုင်ခဲ့သည်။

ဇန်နဝါရီလတွင် ဩစတြေးလျအိုးပင်းဖလားကို ကာကွယ်နိုင်ခဲ့သူ ဘယ်လာရုစ်တင်းနစ်မယ် စဘယ်လင်ကာသည် ၎င်း၏ တင်းနစ်ကစားသမားဘဝတွင် ကမ္ဘာ့အဆင့် (၁) နေရာကို ဒုတိယအကြိမ်မြောက် ရောက်ရှိလာခြင်းဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် စဘယ်လင်ကာသည် ဩဂုတ်လက ယှဉ်ပြိုင်ကစားခဲ့သည့် စင်စင်နတီအိုးပင်း ဗိုလ်လုပွဲတွင် ပဲဂူလာကို ၆–၃၊ ၇–၅ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသလို ဝူဟန်အိုးပင်းဗိုလ်လုပွဲတွင်လည်း ရှောင်ကို ၆–၃၊ ၅–၇၊ ၆–၃ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။ **အောင်ဇော်**









နာမည်ကျော်ဆရာကြီး
## ရာဇာဇော်ဝင်း
(LL.B) WIPO,DL-101 Switzerland)

ရှေးမှုမပျက် ခေတ်မီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊ အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက် အစုံပါသည်။ လူကြီးများလိုရာမေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေး စာအုပ်ချုပ်၍ပို့သည်။ အမှတ်(၉)၊ ဒုထပ်၊ (၈၇)လမ်း၊ မဟာဗန္ဓုလပန်းခြံ မြို့နယ်၊ ရန်ကုန်မြို့။(ပိတ်ရက်မရှိ)01-394727,01-399426,09-953009994,09-5152521


## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ မော်လမြိုင်ခရိုင်တရားရုံးတော်၌ ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၇

မိခင်ဝင်းစိုး နှင့် ၁။ ဒေါ်မိအေးစုပိုင်
၂။ ဦးမင်းအောင်နိုင်ထွန်း

လျှောက်ထားသူ လျှောက်ထားခံရသူများ

ချောင်းဆုံမြို့နယ်၊ ကမာမိုကျေးရွာ၊ ရပ်ကွက်(၁၆)၊ အမှတ်(၈)နေ ဦးမင်းအောင်နိုင်ထွန်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်အမည်ပါ မိခင်ဝင်းစိုးက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ စွဲကပ်ထားသည့် ပညတ်ဝရမ်းအား ခွာပေးစေလိုမှု လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စမ်းသီတာအောင်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မော်လမြိုင်ခရိုင်တရားရုံး

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မိုးမိုးငြိမ်း (၂/လကန(နိုင်)၀၀၆၇၃၂) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ မြေကွက်အမှတ်(၆၁၆)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို မြေကွက်အမည်ပေါက်သူထံက လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးအောင်ကိုလတ်(၁၂/ဥကမ(နိုင်)၀၁၅၃၁၃)က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးရန်ပိုင်စိုး(စဉ်-၁၁၅၉၁) တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၃၇၇)၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း (၄၀)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၂၅၇၅၇၇၁၇၅

## "ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်-(၆/C)၊ ပေါ်ဆန်းမွှေးကွန်ဒို၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(201)၊ (၁၄၆၀)စတုရန်းပေအကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော **ဦးဇော်လင်း (၁၂/စခန(နိုင်)၀၅၁၁၈၇) နှင့် ဒေါ်မြင့်မြင့်အောင် (၁၂/ရကန(နိုင်) ၀၂၉၇၁၂)** တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးထွန်းစိုးအေး(၁၁/ပဏတ(နိုင်)၀၅၃၇၁၅)**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ - **ဦးကျော်မျိုးထွန်း LL.B ,WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၉၇၁)
အမှတ်-(၂၄၉/က)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၁၁၁၂၈၅၊ ၀၉-၂၅၃၀၆၀၆၆၄

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ လေဟာပြင်ညဈေးရှိ ဆိုင်အမှတ်-(ဂ)ရုံ၊ ဆိုင်ခန်းအမှတ်(၁)၊ ဆိုင်အမှတ်-(ခ)ကြီးရုံ၊ ဆိုင်ခန်းအမှတ်(၁၃)တို့နှင့်ပတ်သက်၍ ကန့်ကွက်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တွင် နေထိုင်သူများ ဖြစ်ကြသော ဒေါ်စုစုလွင် ၁၂/စခန(နိုင်)၀၁၄၅၃၂၊ ဒေါ်တင်တင်ဦး ၁၂/စခန(နိုင်)၀၁၂၃၂၃နှင့် ဒေါ်နီနီလွင် ၁၂/ပဇတ(နိုင်)၀၁၉၆၃၂၊ ဒေါ်မော်မော်ထွေး ၁၂/ပဇတ(နိုင်)၀၂၀၁၁၅တို့ လေးဦးမှ အထက်ဖော်ပြပါဆိုင်ခန်းများနှင့်ပတ်သက်၍ ကန့်ကွက်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါဆိုင်ခန်းများသည် ကျွန်မတို့၏ မိခင်ကြီးဖြစ်သော ဒေါ်အေးသိန်းအမည်ပေါက် ဆိုင်ခန်းများဖြစ်ပါသည်။ မိခင်ကြီး ဒေါ်အေးသိန်းမှာ အသက်အရွယ်ကြီးနေပြီး ကျန်းမာရေးအခြေအနေကောင်းမွန်ခြင်းမရှိပါ။ ဦးနှောက်မှတ်ဉာဏ်အခြေနေမှာလည်း စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်စွမ်းမရှိသည့်အခြေအနေရောက်ရှိနေပြီဖြစ်ပါသဖြင့် အထက်ဖော်ပြပါဆိုင်ခန်းများကို လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း အစရှိသည်တို့ကို လုပ်ကိုင်နိုင်စွမ်းမရှိသည့်အခြေအနေဖြစ်နေပါသည်။ ထို့ကြောင့် မိခင်ကြီးအားမလျော်သြဇာသုံး၍လည်းကောင်း၊ ခြိမ်းခြောက်၍လည်းကောင်း၊ အတင်းအကြပ်လက်မှတ်ရေးထိုးစေခြင်း၊ လက်ဗွေရယူ၍ဟန်ဆောင်စာချုပ်ဖြင့် လွှဲပြောင်းစေခြင်းများသည် တရားမဝင်ပါကြောင်းနှင့် ကျွန်မတို့အားအသိပေးခြင်း သဘောထားရယူခြင်းမရှိဘဲ အထက်ဖော်ပြပါဆိုင်ခန်းများလွှဲပြောင်းရောင်းချသည့်စာချုပ်များ ပြုလုပ်ခြင်းကို သဘောမတူကန့်ကွက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ဒေါ်စုစုလွင် | ဒေါ်တင်တင်ဦး | ဒေါ်နီနီလွင် | ဒေါ်မော်မော်ထွေး |
| ၁၂/စခန(နိုင်)၀၁၄၅၃၂ | ၁၂/စခန(နိုင်)၀၁၂၃၂၃ | ၁၂/ပဇတ(နိုင်)၀၁၉၆၃၂ | ၁၂/ပဇတ(နိုင်)၀၂၀၁၁၅ |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/75882 Taryan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်လင်းဟိန်း ၁၄/ဝခမ(နိုင်)၃၁၉၆၀က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/99291 Honda Wave 110M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူပြာနွယ် ၁၄/ပပတ(နိုင်)၁၃၈၄၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အကွက်အမှတ်(၁၇၊)၊ မြို့တွင်းအရှေ့ရပ်၊ ဦးပိုင်အမှတ် ၅၀(က)၊ ဧရိယာ(၀.၀၂၇)ဧကရှိ မြေကွက်သည် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်မြို့မြေမှုအမှတ် ၉၄/V/၂၀၀၇-၂၀၀၈ အရ နှစ်(၃၀)မြေငှားဂရန်ကို ဦးဝင်းမြင့်(ဘ)ဦးခင်မောင် အမည်ဖြင့် ထုတ်ပေးထားရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန် မူရင်းနှင့် (၁၀၅)မြေပုံမူရင်းတို့မှ တာဝန်ကျရာဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ချိန်တွင် ပျောက်ဆုံးသွားပါသဖြင့် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မိတ္တူမှန်ထုတ်ပေးနိုင်ရေးအတွက် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၁၀)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဂရန်မိတ္တူမှန်ထုတ်ယူရရှိရေးအတွက် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းမြင့်(ဘ)ဦးခင်မောင်
၇/ပခန(နိုင်)၁၅၇၇၉၇
အမှတ်(၂၃၇)၊ ကြည်တော်ကုန်း(ခ)(၂)လမ်း၊ နန်းတော်ရာရပ်ကွက်၊
ပဲခူးမြို့။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ မြေတိုင်းအမှတ်(၈)၊ မြေကွက်အမှတ်(၇၅^က)၊ မြေဧရိယာ ၀ ဒသမ ၀၃၃ဧကရှိမြေအား လိုချီခွေး(ခ)ဦးသိန်းလွင်မှ အမည်ပြောင်း၊ သက်တမ်းတိုးမြေငှားဂရန်အသစ်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါကတရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လိုချီခွေး(ခ)ဦးသိန်းလွင်မြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

နတ်တလင်းခရိုင်၊ နတ်တလင်းမြို့နယ်၊ ကွေ့ကြီးအုပ်စု၊ ကွေ့ကြီးရွာနေ မောင်အောင်သူ(ဘ) ဦးညွှန့်ရင်နှင့် နတ်တလင်းမြို့နယ်၊ သရက်တပင်အုပ်စု၊ သရက်တပင်ရွာနေ မသန္တာအေး ၇/နတလ (နိုင်) ၁၇၈၇၅ (ဘ) ဦးသောင်းရွှေတို့သည် ၁၃၇၉ ခုနှစ်မှစ၍ လင်မယားအဖြစ်ပေါင်းသင်းခဲ့ပါသည်။ မောင်အောင်သူသည် ၁၃၈၀ခုနှစ် ပြာသိုလထဲတွင် ကျွန်ုပ်မိတ်ဆွေ မသန္တာအေးအား ဆဲဆိုကြိမ်းမောင်းရိုက်နှက်ပြီး ၎င်း၏ မိဘနေအိမ်သို့ သွားရောက်နေထိုင်ခဲ့ပါသည်။ ထိုရက်မှစ၍ ယနေ့အချိန်ထိ ကျွန်ုပ်၏မိတ်ဆွေ မသန္တာအေးအား လင်မယားအဖြစ် လာရောက်ပေါင်းသင်းခြင်း၊ ပေါင်းသင်းရန်ခေါ်ယူခြင်း၊ တစ်စုံတစ်ရာ ထောက်ပံ့ပေးကမ်းခြင်း မရှိ၊ စွန့်ပစ်ထားသည်မှာ (၆) နှစ်ကြာပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ မသန္တာအေးအနေဖြင့် မောင်အောင်သူအား လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါ၍ ကြော်ငြာပါသည့်ရက်မှစပြီး ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် လင်ခန်းမယားခန်းပြတ်ပြီးဖြစ်ကြောင်း မောင်အောင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မသန္တာအေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ငြိမ်း (B.A, H.G.P) အထက်တန်းရှေ့နေ (စဉ် -၁၇၈၁၆)
၄၁လမ်း၊ အုပ်ဖို ( ၁ )ရပ်ကွက်၊ ပေါင်းတည်မြို့၊
ဖုန်း - ၀၉-၂၅၄၃၆၂၁၄၆

## ပျောက်ဆုံးကြောင်း

ဦးကျွန်းပေါင်း၏ သမီး ကျွန်မ မအားမွှေးရင် ၁၃/ကတန(နိုင်)၀၉၄၀၃၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၆၉၆၉၇၉၃၉၁

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဦးမောင်တာ၏ သမီး မနှင်းယုဝေ ၈/သရန(နိုင်)၁၀၆၆၅၂၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၁၁၅၃၁၃၇

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အမက (တန်ဘိုး)မှ အထွေထွေလုပ်သား ဒေါ်စိုးနွယ်နွယ် ၈/မထန(နိုင်)၀၀၈၂၁၆၏ ဖခင် ဦးမင်းသူနှင့် ဦးမြင့်သန်းမှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမင်းသူ(ခ)ဦးမြင့်သန်း

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 40W/59645 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2U/3538 New Anbo 125 3Wယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းသူ ၁၄/ပသန(နိုင်)၂၂၆၅၂၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/38546 Honda PCX 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောနိုင် ၁၄/ပသန(နိုင်)၁၈၅၂၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/44060, LUOJIA 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးလှိုင် ၁၄/ပသန (နိုင်) ၂၃၉၄၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/94916, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်ဝင်းထွန်း ၁၄/ပပတ(နိုင်) ၁၇၈၂၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/21902, Honda Dream ND 125 M ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအမ်း ၁၃/ကတန(နိုင်) ၁၁၈၄၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/9197, Hyundai Starex ယာဉ်လက်ဝယ်ရှိသူ ဦးညိုခန့် ၉/မထလ(နိုင်)၀၉၉၀၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/20692, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar, Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/75882 Taryan 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးခိုင်လင်းဟိန်း ၁၄/ဝခမ (နိုင်) ၃၁၉၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/16712 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေလွင်ဦး ၁၄/လပတ(နိုင်)၂၃၈၀၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ စီဂျီအို(CGO) ဂါလန်(၃.၀၀)သိန်းအား Retender အဖြစ် အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | ရက် | နာရီ | ရက် | နာရီ |
| ၁ | စီဂျီအို(CGO) | ၃၀၀,၀၀၀ | ၁၂-၁၁-၂၀၂၄ | ၁၂:၀၀ | ၁၂-၁၁-၂၀၂၄ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ဒီပါအေးမြလမ်း၊ မြေကွက်အမှတ် (၁၄၀၉)၊ အကျယ်အဝန်း (၄၂ပေ × ၆၀ပေ)ရှိ ဦးဇော်မော်ဦး (၁၂/ဥကမ (နိုင်) ၁၅၉၄၉၃) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူအမည်ပေါက်ပိုင်ရှင် ဦးဇော်မော်ဦး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃)၊ ချယ်ရီလမ်း၊ မြေကွက်အမှတ် (၄၃၃)၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ စတုရန်းပေ(၂၄၀၀)ရှိ ဒေါ်အေးအေးမွန် ၃/ဘအန(နိုင်) ၀၀၈၅၇၇ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိလက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ အမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးကျော်ကျော်စိုး | ဦးသန်းငွေ | ဒေါ်လှဲ့လှဲ့ဝင်း |
|---|---|---|
| (စဉ်-၁၉၀၃၉) | (စဉ်-၁၁၉၈၉) | (စဉ်-၁၉၀၃၈) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃)၊ အောင်သစ္စာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၈၈၃၈၃၃၊ ၀၉-၄၄၃၁၈၉၉၃၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ကြည့်မြင်တိုင်မြို့နယ် မန်ကျည်းတန်း တောင်အရှေ့ရပ်ကွက် ၊ ဦးကြွယ်ဟိုးလမ်း ၊ အမှတ်(၅၂)၊ ပထမထပ်၊ (ခြေရင်းခန်း)ကို အကျိုးခံစားခွင့်ရရှိသူ ဦးအောင်ကိုဦး ၁၂/အလန(နိုင်)၀၄၁၁၆၇ ထံမှ ဝယ်ယူရန် သဘောတူညီကြပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက် လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ တရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ရီရီသိန်း B.A(Law), LLB**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၅၄/၃၀-၃-၁၉၈၄)
အမှတ်-၅၃၊ကွမ်းရွဲတန်းလမ်း၊ ဈေးကြီးတန်းအရှေ့ရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၃၀၃၄၉၁၀၃၊

**ဒေါ်ကေသွယ်(LL.B,D.B.L)**
အထက်တန်းရှေ့နေ (စဉ်-၄၈၀၆၉/၃၀-၉-၂၀၁၆)
အမှတ်(၉၂၆)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၂၂၇၈၀၊ ၀၉-၇၄၀၉၀၅၆၃၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ ပင်လုံရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ် (၃၈၆)၊ မြေကွက်တည်နေရာ အမှတ်(၄၅)၊ အောင်ရတနာလမ်း (ဘုရင့်နောင်လမ်း)၊ ပင်လုံရိပ်မွန်အိမ်ရာ၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးရဲမြင့် ၁၂/ကတတ(နိုင်)၀၁၆၈၃၉၊ မသိမ့်သိမ့်ဇော် ၁၂/ကတတ(နိုင်)၀၂၅၁၉၀ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးရဲမြင့်၊ ဒေါ်သိမ့်သိမ့်ဇော်တို့ကို တရားပြိုင်ထား၍ ဦးအောင်ကျော်ထွဋ်၊ ဒေါ်မော်မော်သင်းတို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၂၂၆/၂၀၂၀ (၆-၈-၂၀၂၀)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် ၆/၂၀၂၁ (၂၄-၈-၂၀၂၄)၏ နောက်တိုးချမှတ်ခဲ့သည့် တရားနိုင် တစ်ဦးဖြစ်သူ ဦးအောင်ကျော်ထွဋ်သည် ၁-၉-၂၀၂၃ ရက် ကွယ်လွန်သွားပါသဖြင့် သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ၂၄-၈-၂၀၂၄ ရက်စွဲဖြင့် (၂)တရားနိုင်ဖြစ်သူ ဒေါ်မော်မော်သင်းမှ ဆက်လက်ဆောင်ရွက်ရန် ထပ်မံချမှတ်ခဲ့သည့် တရားမဇာရီမှုအမှတ်-၂၇၇/၂၀၂၄ ထုံးပုံကျ အပြီးသတ်အမိန့်၊ တရားရုံးဘီလစ်ခန့်စာ တို့တင်ပြ၍ တရားရုံးများကိုယ်စားဘီလစ် ဒေါ်မေသူအောင် ၁၂/မဂတ(နိုင်)၁၀၇၃၅၁ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၈၅၃၇၂ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးမောင် ၉/ပမန(နိုင်)၂၈၉၅၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9658 HONDA CIVIC FD3 SALOON (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၈/မလန(နိုင်)၀၄၂၁၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/01415 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၄/ပေတ(နိုင်)၀၀၃၆၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ရန်ကုန်တိုင်းဒေသကြီး
## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
## ဂေါပကအဖွဲ့ရုံး
## (ဝန်ထမ်းအသစ်ခေါ်ယူခြင်း)

၁။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးနေရာများ အလိုရှိသည် -

**(က) ကွန်ပျူတာစာရေး (ကျား/မ) (၂) ဦး**

(၁) တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။
(၂) အသက်(၂၂)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
(၃) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။ (winword / Excel / Powerpoint)

**(ခ) လျှပ်စစ်ကျွမ်းကျင် (ကျား) (၂)ဦး**

(၁) လျှပ်စစ်ကျွမ်းကျင်သင်တန်းဆင်းလက်မှတ်ရှိရမည်။
(၂) အသက် (၁၈)နှစ်မှ (၅၀)နှစ်အတွင်း ဖြစ်ရမည်။

၂။ လျှောက်ထားသူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ကျန်းမာရေးဌာနဆေးထောက်ခံချက်ပါရှိရမည်။ ကိုယ်ရေးရာဇဝင်၊ တစ်လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်နှင့် ရပ်ကွက်ထောက်ခံချက်၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင် (တစ်နှစ်အတွင်း)၊ အိမ်ထောင်စုဇယား(မိတ္တူ)၊ မှတ်ပုံတင်(မိတ္တူ)၊ ပညာအရည်အချင်းထောက်ခံချက်၊ သက်ဆိုင်သော လုပ်ငန်းကျွမ်းကျင်မှုလက်မှတ်မူရင်းများနှင့် အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၃၁-၁၀-၂၀၂၄ ရက် နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၁-၈၂၀၂၀၈၆ ၊ ၀၁- ၈၂၀၁၇၆၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေကွက်အမှတ်(ပ-၄၀၃၄)၊ ဒေါ်ခင်စမ်း(ခ)စိန်မြရီ (ဘ) ဦးကျန်းဝမ်လင့် ၁/မမန(နိုင်)၀၀၇၉၇၃ အမည်ပေါက်ပါမစ်မြေကွက်ကို ဦးမျိုးမင်းထွန်း (ဘ) ဦးထွန်းသိန်း ၇/တငန(နိုင်)၁၁၆၇၈၈ မှ မြေပေးမိန့် မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက် မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်(၃)လမ်း၊ အမှတ်(၈)နေ ဒေါ်မျိုးသီတာအေး ၉/ခအစ(နိုင်)၀၁၂၈၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ်(၈၂၁)၊ အကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ ၆၀ )ရှိ ဦးမျိုးမြင့်အောင် အမည်ပေါက် ပါမစ်အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ဒေါ်သင်းကြည်ဆန်း ၁၃/လလန(နိုင်)၀၄၃၃၅၀ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မျိုးသီတာအေး**
၉/ခအစ(နိုင်)၀၁၂၈၇၂

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုလှိုင် (LL.B) (D B L) (D.I.P.L)**
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၅၂၂၃) (၂၇-၁၂-၂၀၁၈)
အမှတ်(၈/၇၅၀)၊ ဗေဒါ(၂)လမ်း၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၂၅၀၆၅၈၃၃၆

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်းပိုင်း၊ ဗဟိုလမ်းမကြီး၊ တိုက်အမှတ်(၃၅)၊ ၅ လွှာ၊ တိုက်ခန်းအမှတ်(5-A)၊ ဧရိယာ (အလျား ၁၂ .၅ ပေ x အနံ ပေ ၅၀) အကျယ်အဝန်းရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ကိုယ်ပိုင်လျှပ်စစ်မီတာနှင့် ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ တိုက်ခန်းလက်ဝယ်ထားရှိ၍ ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဦးကြည်ဇင်သန့် ၁၂/ဒဂတ(နိုင်)၀၈၅၁၀၅၊ အမှတ်(၁၄၂)၊ ၆လွှာ(A) ၂၆ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူမှ ဝန်ခံကတိပြု၍ အထက်ဖော်ပြပါ တိုက်ခန်းကိုရောင်းချရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းစိန် ၁၂/လမန(နိုင်)၀၆၄၃၇၀ အမှတ်(၅၃)၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူအား ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းစိန်မှ လည်းဝယ်ယူရန် သဘောတူညီခဲ့သဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်သန်းစိန်**
၁၂/လမန(နိုင်)၀၆၄၃၇၀

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းသဇင်အောင်**
တရားလွှတ်တော်ရှေ့နေ
(စဉ်-၉၉၁၈)

**ဒေါ်သူဇာဝင်း**
အထက်တန်းရှေ့နေ
(စဉ်-၅၅၁၈၈)

အမှတ်(၃၉၅)၊ ရှင်စောပုလမ်း၊
မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့။
ဖုန်း-၀၉-၄၂၅၃၁၇၀၀၁၊ ၀၉-၂၅၅၉၃၅၁၅၂

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် ဖြန့်ဝေရန် တကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ၊ ခြုံစောင်၊ ဆေးစိမ်ခြင်ထောင်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အမျိုးသားနှင့် အမျိုးသမီးတကိုယ်ရည်သုံး ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများထုတ်ယူရမည့်ရက်နှင့်အချိန်** - ၂၃-၁၀-၂၀၂၄ ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ နောက်ဆုံးထုတ်ယူရက်နှင့်အချိန်** - ၃၀-၁၀-၂၀၂၄ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** - ၆-၁၀-၂၀၂၄ ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများထုတ်ယူရမည့်နေရာ** - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)
အမှတ်(၄၂)၊ စတုတ္ထအထပ်၊
ကမ်းနား လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ဆက်သွယ်ရမည့်ဖုန်း-၀၁-၃၉၂၀၂၈~၃၀
(လိုင်းခွဲ-၁၁၉၊ ၀၉-၉၇၇၁၁၅၅၅၁)
Email: mrcslogistics@redcrosss.org.mm

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်အား သိရှိလိုပါက အထက်ပါ ဖုန်းနံပါတ်များသို့ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကျောင်းလမ်း၊ အိမ်အမှတ် (၄၂/က)၊ အလျား ၃၃ ပေ x အနံ ပေ ၆၀ ရှိ ရေမီးစုံ၊ ရေစက်၊ အဲယားကွန်း (၂)လုံးပါ အိမ်ခြံမြေကို ၂၀-၁၀-၂၀၂၄ ရက်တွင် ဦးရွှေမင်း ၁၂/အစန(နိုင်) ၁၇၄၈၈၇ ထံမှ ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါအိမ်ခြံမြေ၏ ယခုပိုင်ရှင်မှာ ဒေါ်ခင်ဝင်းနှင့် ဒေါ်နွယ်နီအောင် (သားသမီးများ)သာ ပိုင်ရှင်ဖြစ်ပြီး အိမ်ခြံမြေကို ဒေါ်ခင်ဝင်းနှင့် ဒေါ်နွယ်နီအောင် (သားသမီးများ)မသိဘဲ ရောင်းခြင်း၊ ပေါင်နှံခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ် ကြောင်းကို အများသိစေရန် ကြေညာအပ် ပါသည်။

**ဒေါ်ခင်ဝင်းနှင့် ဒေါ်နွယ်နီအောင်(သားသမီးများ)၏**
**ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ်(၆၇၂)၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်**
**ဖုန်း-၀၉-၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်းမ၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၂၀၄) ဟု ခေါ်တွင်သော ဒုတိယထပ်၊ အခန်းအကျယ်အဝန်း(၁၂ ပေ x ပေ ၆၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ စွဲကပ်ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ညိုညိုစိန် ၉/မနတ(နိုင်)၀၇၇၈၈၃ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်နန်းယုယုအောင် | ဒေါ်ပြည့်ပြည့်ဖြိုးအောင် | ဒေါ်ခိုင်ဇင်ဝင်း |
|---|---|---|
| (LL.B, D.B.L, D.I.L) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၈၉၆၅) | (စဉ်-၅၆၁၃၄) | (စဉ်-၅၆၂၁၉) |

**တိုက်အမှတ် (၂၇၉)၊ အခန်းအမှတ် (၆-ဘီ)၊ သုမင်္ဂလာလမ်း၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## မြေကွက်ဝယ်ယူပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေစပါယ်လမ်း၊ အမှတ် ၂၉၇၊ ပါမစ်မြေကွက်၏ ခေါင်းရင်းခြမ်း (ဒုတိယအကွက်) မြေအကျယ်(၁၀ ပေ x ပေ ၆၀)ရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာပြီး လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စောမဋ္ဌူ ၁၂/တမန(နိုင်)၀၂၉၆၈၅ မှ ရောင်းချရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမင်းသူ ၁၂/သကတ(နိုင်) ၁၆၃၈၆၆ နှင့် ဒေါ်မိုးမိုးမြင့် ၁၂/ဒလန(နိုင်)၀၄၇၁၁၇ တို့မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ငွေအပြေအကျေပေးချေ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုကာ ဝယ်ယူလက်ရောက် ရရှိထားပြီးဖြစ်ပါကြောင်း၊ အဆိုပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ ဦးမင်းသူ၊ ဒေါ်မိုးမိုးမြင့်တို့နှင့်သာ သက်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)**
(စဉ်-၁၂၉၈၆/၂၀၁၇)
တရားလွှတ်တော်ရှေ့နေ

**ဦးရဲမြင့်အောင်(LL.B)**
(စဉ်-၄၁၇၀၃/၂၀၁၃)
**ဒေါ်တင်ဇာမျိုး(LL.B)**
(စဉ်-၄၅၂၆၅/၂၀၁၄)
အထက်တန်းရှေ့နေများ

**အမှတ်(၈၉၉)၊ မြင်တော်သာလမ်းမ၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၄၄၃၁၆၇၈၁၅**

## အမည်ပြောင်း

ဦးရဲထွန်း ၁၀/မလမ(နိုင်)၁၈၈၃၅၆၏သား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ PEC Private ကျောင်း Grade-1မှ မောင်ဘုန်းမြတ်ဦး အား ယနေ့မှစ၍ မောင်ဘုန်းမြတ်ဟိန်း ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးစိန်ကြည် ၁၀/ဘလန(နိုင်)၀၅၄၅၀၉၏သား အမက(၁၉) ရဲစုရပ် ထောက်ကြန့်မင်္ဂလာဒုံ Grade-4 တွင် ပညာသင်ကြားနေသော စောဟဲလစ်ဂျီ အား မောင်အောင်ချမ်းမြေ့ဦး ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ချမ်းမြေ့ဦး

## အထူးဝမ်းနည်းကြေကွဲခြင်း
## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း
## နာယက ဆရာကြီး ဦးကျော်ဇေယျ
## အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၇၈)၊ ပထမထပ်၊ အနော်ရထာလမ်းနေ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း နာယက ဆရာကြီး ဦးကျော်ဇေယျ (၇၉)နှစ်သည် ၂၁-၁၀-၂၀၂၄ ရက်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)**
**ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ**
**တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် အသင်းသူ/အသင်းသားများ**

## ကျေးဇူးတင်လွှာနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာ ဖိတ်ကြားခြင်း

၂၁-၁၀-၂၀၂၄ ရက် (တနင်္လာနေ့) တွင် ကွယ်လွန်ခဲ့သည့် ကပ္ပတိန်နေဝင်း (အသက် ၉၁)နှစ်၊ Master Mariner (London)၊ Advisor, Raffles Shipmanagement Services Myanmar Limited၊ Eastwind Shipmanagement Company Limited အား နာမကျန်းစဉ်က ဂရုတစိုက်ဆေးကုသစောင့်ရှောက်ပေးခဲ့သည့် နှလုံးအထူးကုသမားတော်ကြီး၊ ပါမောက္ခ Professor ဒေါ်နွယ်နွယ်နှင့်တကွ သုခကမ္ဘာဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဆေးရုံတက်စဉ်မှ နာရေးကိစ္စပြီးဆုံးသည်အထိ ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း နှစ်သိမ့်ကူညီဆောင်ရွက်ပေးကြသော ရဟန်း၊ ဌာနအဖွဲ့အစည်း၊ Raffles နှင့် Eastwind Shipmanagement မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုများမှ အထူးကျေးဇူးတင်ရှိပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် (၈)မိုင်၊ စွယ်တော်ဘုရား မြောက်ဘက်ရှိ နာဂလှိုဏ်ဂူ ဘုန်းကြီးကျောင်းတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဒေါ်ခင်ဝင်းလှနှင့် ကျန်ရစ်သူမိသားစုများ**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားနှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

ကျွန်တော် ဦးရစ်ချတ် 13/Takhala(နိုင်)005193 သည် "YEE(ရီ)" Purified Drinking Water အမည်လုပ်ငန်းအမှတ်တံဆိပ်ဖြင့် ရေသန့်ရောင်းချလုပ်ကိုင်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အမည်တူရှိပါက တစ်ပတ်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**ဦးရစ်ချတ် ၁၃/တခလ(နိုင်)၀၀၅၁၉၃**
**အမှတ် (အို/၁၀၆)၊ သားငယ်ဝပ်လျှော့လမ်း၊ ပါလျန် (၂)ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဖုန်း-၀၉-၄၂၁၀၃၀၀၉၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၃၀၄)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်ရီစီ အမည်ပေါက် မြေကွက်အား ဒေါ်သန္တာအောင်(ဘ)ဦးမျိုးအောင် ၉/တကန(နိုင်) ၁၃၆၇၁၅မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေး ကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းချကြောင်း ကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၇၀၅)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်ဇာခြည်မွန်၊ ခိုင်ခိုင်စိုး(ဘ)ဦးဖုန်းမြင့်ဦး၊ ဦးငွေစိုး ၁၂/ရကန(နိုင်)၀၅၈၉၃၁၊ ၁၂/ရကန(နိုင်)၀၇၁၂၃၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးမြတ်သူ (ဘ)ဦးအေးမြ ၉/မနမ(နိုင်)၀၀၀၄၈၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ငါးထပ်ကြီး (၂၁၂)ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်တာဝါ၊ တိုက်အမှတ်(A)၊ အခန်း(၃၀၁) ကွန်ဒိုတိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူများဖြစ်ကြသည့် ဒေါ်သက်သက်ထွေး ၁၄/ပသန(နိုင်)၀၀၀၆၉၂နှင့် ဒေါ်သန့်စင်မွန် ၁၂/ပဘတ(နိုင်)၀၃၁၇၉၄ တို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းနိုင် (၁၂/ဗဟန(နိုင်)၀၇၉၇၃၅) ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာမြင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၀၁)**
**အမှတ် ၂၆/ဘီ၊ နတ်မောက်ရိပ်သာလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက် ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-450072380,09-980894579**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုတ်သိမ်းကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ(၁)လမ်း၊ အမှတ်(၅၆၃)နေ ဦးစံလှိုင် (၁၂/အစန(နိုင်)၀၁၁၃၆၉)မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ(၁)လမ်း၊ အမှတ်(၅၆၃)နေ ဒေါ်ခင်မျိုးဦး (၁၂/အစန(နိုင်)၂၁၅၃၀၇)အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၂-၁၂-၂၀၂၃) ရက်တွင် လွှဲအပ်ပေးခဲ့သောအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၆၈၃၄/၂၀၂၃ အား ပြန်လည်ရုတ်သိမ်းကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဦးစံလှိုင် (၁၂/အစန(နိုင်)၀၁၁၃၆၉)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ ၁၂/ ချင်းတွင်းအနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ -၃၄၅၂၆)ကို အမည်ပေါက် ဦးသန်းထိုက် (ဘ)ဦးစိန်ကြီး ၉/လဝန(နိုင်) ၀၃၇၈၅၂ ၏အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်မေဖြူဇင်ဝင်း (ဘ)ဦးဌေးဝင်း ၁၂/ဗဟန(နိုင်) ၁၀၀၇၄၁မှ ဦးတေဇာဦး(ဘ)ဦးမြင့်လွင် ၁၀/သထန(နိုင်) ၀၉၈၈၆၉နှင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ ပျဉ်းမနားမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၉၁/၂၀၂၃(၁-၉-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အမှတ် (ပ-၃၃၉၀၂)ကို အမည်ပေါက် ဒေါ်ခင်စောယု (ဘ) ဦးလှိုင်ဖေ ၁၂/လမန(နိုင်)၀၄၂၄၅၈၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးကိုကိုနိုင် (ဘ)ဦးကျော်ထွန်း ၉/ပမန(နိုင်)၁၄၃၅၉၆မှ ဦးကျော်စိုး၊ ဒေါ်ခင်အုန်းမြင့် (ဘ)ဦးလှစော၊ ဦးလူပု၊ ၁၄/ပပတ(နိုင်)၀၇၉၆၅၁၊ ၁၄/ပပတ(နိုင်)၁၀၃၆၁၄နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၄၈၉/၂၀၂၃ (၂၂-၉-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်နေ ဒေါ်ခင်နှောင်း၏ သမီးဖြစ်သူ မညိုမီအောင် သည် မိခင်၏ ဆိုဆုံးမမှုများကို မနာခံဘဲမိခင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နှောင်း**
**ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/81562, Luojia 110, M/C အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်း ၁၄/ဝခမ (နိုင်)၁၄၃၄၉၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/74853, Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသြကြီး(ခ)သန့်ဇင် ၁၄/ပသရ(နိုင်) ၀၆၁၄၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/2391 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4886 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇.F နံ့သာကုန်း၊ မြေကွက်အမှတ် ၆/ဃ.၈.၂၊ ဧရိယာ(၀.၂၅၅)ကော၊ မြေကွက်တည်နေရာ အမှတ် ၅/က၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်တင်မြ(BG-028005)အမည်ပေါက် မြေပိုင်မြေ(အိမ်တွင်းစက်မှုလက်မှုအလုပ်ရုံမြေသတ်မှတ်)မြေအား အမည်ပေါက် ဒေါ်တင်မြ(မိခင်)သည် (၃၀-၇-၂၀၁၃) ရက်တွင် လည်းကောင်း၊ ဦးမြင့်လွင်(ဖခင်)သည်(၃-၃-၂၀၀၇)ရက်တွင်လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးမျိုးသီဟသည်(၁၉-၉-၂၀၁၃)ရက်တွင် လူပျိုကြီး ဘဝဖြင့် ကိတ္တိမမွေးစားခြင်းမရှိဘဲ အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်စံပါယ် ၁၂/အစန(နိုင်)၀၂၆၆၆၉မှ မိဘများတွင် ဦးမျိုးသီဟနှင့် ဒေါ်စံပါယ်ဟူ၍ သားသမီးအရင်း(၂)ဦးကိုသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားအမွေစားအမွေခံကိတ္တိမသားသမီး မွေးစားထားခြင်းမရှိပါကြောင်း၊ ၎င်းတို့သည် ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အစ်ကိုဖြစ်သူ ဦးမျိုးသီဟ ကွယ်လွန်သဖြင့် ၎င်းတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားအမွေဆက်ခံမည့်သူ ညီအစ်ကိုမောင်နှမတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ထပ်ဆင့်ထောက်ခံကျမ်းကျိန်(၂)စောင်၊ အမည်ပေါက်စာချုပ်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ဃ/၉၂၂၂၆, New Zhineng-110,M/C ယာဉ်လက်ဝယ်ရှိသူ မရွှန်းလဲ့နဒီ ၅/မရန(နိုင်)၃၄၂၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ဃ/၈၀၆၇၉, J Power-110,M/C ယာဉ်လက်ဝယ်ရှိသူ မောင်မောင်မြင့် ၅/ခဥတ(နိုင်)၀၀၁၃၉၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ၊ စီမံကိန်းအဆင့်၊ ဇုန်(Galaxy Tower)၊တိုက်အမှတ်(T4)၊ အခန်းအမှတ်(1706)၊ Type(Cr)၊ Area (1126)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ကိုကျော်သူထွန်း ၁၂/တတန (နိုင်) ၁၅၅၀၃၄၊ဒေါ်ချိုသဲဦး ၁၂/ရကန(နိုင်) ၀၇၂၁၁၃ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မ ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဆာဝရီမူတူး(ခ)ဦးကျော်မြင့်**
**၁၂/သလန(နိုင်) ၀၇၂၇၉၆**
**ဖုန်း-၀၉-၅၁၁၉၇၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/22183, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေသန်း ၁၄/ဝခမ(နိုင်) ၂၇၀၈၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/84824, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၁၄/ပသရ(နိုင်) ၀၁၇၅၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/16582, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးနိုင် ၁၄/မမန(နိုင်)၁၈၈၈၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဦးအုန်းကျော်
**လ/ထ အင်ဂျင်နီယာ (ငြိမ်း)**
**လမ်းသုတေသန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**အသက် (၈၄) နှစ်**

ကျောက်ဖြူမြို့နေ [ဦးမောင်ကြီး (သစ်ထုတ်လုပ်ရေး မန်နေဂျာ-ငြိမ်း)-ဒေါ်အုန်းမြိုင်]တို့၏ သား၊ ရန်ကုန်မြို့နေ [ဦးစံညွန့်(ပလေဒီယံ)-ဒေါ်နီနီ] တို့၏ သားသမက်၊ (ဒေါ်သန်းညွန့်)၏ခင်ပွန်း [ဦးလှကျော်(သစ်အုပ်ကြီး၊ သစ်ထုတ်လုပ်ရေး)]-ဒေါ်နုနု၊ [ဦးလှဝင်း (လ/ညွှန်၊ သစ်တောဦးစီး)]-ဒေါ်သီသီနှင်း၊ [ဦးလှချို (သစ်အုပ်ကြီး၊ သစ်ထုတ်လုပ်ရေး)]- ဒေါ်လှလှသန်း၊ (ဗိုလ်မျိုးအောင်)တို့၏ အစ်ကိုကြီး၊ ဦးကျော်စွာဝင်း-ဒေါ်မေဖြူကျော်၊ ဦးကျော်လင်းဟန်-ဒေါ်နန္ဒာအောင်၊ ဦးရဲသူရထွန်း - ဒေါ်ရူပါတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မစံစံရတနာထွန်း၊ မမြတ်အိန္ဒြေကျော်၊ မသက်သက်ထွန်း၊ မခင်သဒ္ဒါ၊ မအေးသုသုဟန်၊ မအေးသံသာဟန်တို့၏ ချစ်လှစွာသော ဘိုးဘိုး ဦးအုန်းကျော် အသက်(၈၄)နှစ်သည် ၂၁-၁၀-၂၀၂၄ ရက် ညနေ ၅:၅၀ နာရီ တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၃-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား စိတ်နှလုံး ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် စတင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဟုန်ကင်ဘင်း(ခ)ဦးတင်မြင့်
## အသက်(၈၄)နှစ်

ရွှေပြည်သာမြို့နယ်၊ သာဓုကန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ဒုဥက္ကဋ္ဌ-၁)ဦးလှိုင်ဝင်း၏ဖခင် ဟုန်ကင်ဘင်း(ခ)ဦးတင်မြင့် အသက်(၈၄)နှစ် သည် ၂၀-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် သာဓုကန်စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**သာဓုကန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**

## ဦးကျော်စိုးဝင်း(စစ်တွေမြို့)
**အသက်(၅၄)နှစ်**

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ (ဦးအနီမောင်)-ဒေါ်စောညွန့် တို့၏သားထွေး၊ (ဦးထွန်းရှိန်)-ဒေါ်သန်းနု၊ ဦးကျော်ဇောလှ - ဒေါ်မေယု၊ ဦးဇော်အေးမောင်-ဒေါ်လှမြင့်သန်း၊ (ဦးအေးမောင်)-ဒေါ်မြသန်းတင်၊ ဦးအောင်ကျော်ဆန်း-ဒေါ်သိန်းသိန်းခိုင် တို့၏မောင်/ညီ၊ တူ/တူမ ၁၅ယောက်တို့၏ ဦးလေးသည် (၂၂-၁၀-၂၀၂၄) အင်္ဂါနေ့ နံနက် ၁၀ နာရီ ၂၀ မိနစ်တွင် အခန်း(၀၂၂)၊ တိုက်(၆)၊ နှင်းဆီလမ်း၊ (ယုဇနပလာဇာ)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလပ်အား (၂၄-၁၀-၂၀၂၄) (ကြာသပတေးနေ့) မွန်းလွဲ (၂) နာရီတိတိတွင် ရေဝေးသုသန်၌ မီးသဂြိုလ်မည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်မှ ကားများ မွန်းတည့် (၁၂)နာရီတိတိတွင် ထွက်ခွာမည်ဖြစ်ပါ၍ ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကွာရှင်းပြတ်စဲပြီးကြောင်း

ကျွန်မ ဒေါ်နန်းယဉ်ယဉ်မွန် (၁၃/တကန(နိုင်)၀၀၂၀၁၂)နှင့် ခင်ပွန်းဖြစ်သူ မောင်ရွှမ်းဖူတို့သည် (၁-၂-၂၀၂၃) ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင်တွင် မောင်ရွှမ်းဖူနှင့် ပတ်သက်သောမည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းယဉ်ယဉ်မွန်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပြည်ခရိုင်၊ ပေါင်းတလည်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ ခြံကြီးကုန်းလမ်းနေ ဦးဝင်းနိုင်-ဒေါ်အေးအေးမူတို့၏သား မောင်ဟိန်းဘစံ ၇/ပမန(နိုင်)၂၀၃၁၃၃သည် မိဘတို့၏ ဆိုဆုံးမမှုကို လက်မခံသောကြောင့် ၂၀-၁၀-၂၀၂၄ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဝင်းနိုင်-ဒေါ်အေးအေးမူ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးရဲတင့်(ငြိမ်း)
## ဒုတိယပါမောက္ခချုပ်(ငြိမ်း) သစ်တောတက္ကသိုလ်
## အသက် (၇၄)နှစ်

ဒုတိယဗိုလ်မှူးကြီးရဲတင့်(ငြိမ်း)သည် ရန်ကုန်မြို့တွင် ၁၉-၁၀-၂၀၂၄ ရက်တွင် ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၁၅)**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

## ဘုရားဒါယိကာမကြီး
## ဒေါ်သန်းချို (တောင်ကြီးမြို့)
## အသက်(၈၂)နှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ နယ်မြေ(၁၂)၊ မင်္ဂလာလမ်းသွယ်၊ အမှတ်(၂/၂)နေ (ဦးဘိုရွှေ)၏ဇနီး၊ ဦးခွန်ဆယ်-ဒေါ်ခင်နှင်းရွှေ၊ ဒေါ်ခင်အေးရွှေ၊ ဦးစိုးညွန့်ရွှေ-ဒေါ်သန္တာလင်း၊ ဦးမျိုးညွန့်ရွှေ-ဒေါ်ကုဋေရွှေ၊ ဦးဘိုဘိုသန့်ရွှေ- ဒေါ်စန္ဒာမင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၁၁)ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားဖြစ်သူ ဒေါ်သန်းချို အသက်(၈၂)နှစ်သည် ၂၂-၁၀-၂၀၂၄ရက်(အင်္ဂါနေ့)နံနက် ၂နာရီတွင်(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၄-၁၀-၂၀၂၄ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် သင်္ချိုင်း ဗုဒ္ဓဘာသာသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ
## အသက်(၇၆)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရွှေပြည်သာဝဲကြီးရွာနေ (ဦးသန်း-ဒေါ်ဆောင်းတင်)တို့၏သမီး၊ လယ်ဝေးမြို့နယ်၊ ကြောင်ရေရွာနေ (ဦးရွှန်း-ဒေါ်အုန်းခင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့ နယ်၊ လမ်း(၄၀၊ အလယ်လမ်း)၊အမှတ်(၁၈၆၊ ဒုထပ်-ဝဲ)နေ ဦးစောအောင်၏ဇနီး၊ ခေတ္တစင်ကာပူနေ ဦးဝဏ္ဏ-ဒေါ်ညိုညိုရီ၊ ဒေါ်သီတာအောင်၊ ဦးလကျာ်အောင်-ဒေါ်အားနီ၊ မရွှန်းလဲ့ဝေ တို့၏မွေးသမိခင်ကျေးဇူးရှင် မိခင်ကြီးသည် ၂၁-၁၀-၂၀၂၄ ရက် နံနက် ၁၂:၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ၁၀ နာရီအထိ အထက်ပါရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုး (၁၂/မရက(နိုင်)၁၅၂၄၉၁) နှင့် ဒေါ်ဇင်မီမီသက် (၁၂/ဥကမ(နိုင်)၂၃၀၉၂၆) တို့သည် အကြင်လင်မယား အဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့ပါသောကြောင့် **"နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"** ဖြင့် (၂၁-၁၀-၂၀၂၄) ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးနှင့် ဒေါ်ဇင်မီမီသက်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သွယ်သွယ်စိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၅၉)**
**အမှတ် (၄၄)၊ ပ-ထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၈၀၅၂၂၇၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ သဖန်းပင်ကျေးရွာနေ ရွှမ်းဖူ(ခ) ကျော်ကျော်(ခ)ဒီးဒီးသည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း(ခ) တွမ်ကွယ်ရှင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/63799, Honda Wave-RSX-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဖြိုးခိုင် ၁၄/ငပတ(နိုင်)၁၆၈၈၇၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/68357, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၁၄/ငပတ(နိုင်)၂၁၈၉၀၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅၀ယ/၄၃၉၆၂, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးဦး (၁၄/ပသရ(နိုင်)၁၁၅၇၂၄) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/69465, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဟိန်း ၁၄/ကကန(နိုင်)၀၉၇၃၆၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မိမိလေး
## အသက်(၉၅)နှစ်

ရန်ကုန်မြို့နေ(ဦးဘမောင်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ ဦးဘသန်း (ရွှေဟင်္သာ)၏ဇနီး၊ အောင်ဇော်ဝင်း(World Fish)၊ (ကံမြင့်ထွန်း)တို့၏ မိခင် ဒေါ်မိမိလေး သည် ၁၉-၁၀-၂၀၂၄ရက် နံနက် ၁၀:၅၀နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၂၄ ရက်တွင် တောင်အင်း၊ မြောက်အင်း သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူ၏ ဆန္ဒအရ ကြွင်းကျန်ရစ်သော အရိုးပြာကို ဧရာဝတီ မြစ်ပြင်ဝယ် မျှောချပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလှသန်း (ခရမ်း)
## "ရွှေလဝင်း" ဆားစက်
## အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးခဲရှောင်-ဒေါ်ရင်)တို့၏သားကြီး၊ (ဦးတင့်ဆွေ-ဒေါ်တင်တင်လှ)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ဆွေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်လတ်ဘုန်း-ဒေါ်သဇင်သန်း၊ ဒေါ်နှင်းနှင်းသန်း၊ CAPTAIN ဇော်လတ် -ဒေါ်ခင်သီတာသန်း၊ ဦးအုန်းနိုင်-ဒေါ်နီလာသန်း (အောင်စကြာထီဆိုင်)၊ ဦးသန်းကိုကို-ဒေါ်ရွှေစင်အောင်၊ ဦးရဲလင်းသန်း (USA)-ဒေါ်ချိုသက်ဆွေ(USA)၊ ဒေါ်အေးမြသီတာသန်းတို့၏ချစ်လှစွာသော မွေးသဖခင်ကြီး၊ မြေး(၁၀)ယောက်တို့၏ချစ်လှစွာ သောအဘိုး ဦးလှသန်းသည် ၂၁-၁၀-၂၀၂၄ရက်၊ (တနင်္လာနေ့)၊ ည(၇:၁၂)နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ OSC ဆေးရုံတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် (၂၃-၁၀-၂၀၂၄)ရက် နံနက် (၁၁:၀၀)နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ ကွယ်လွန်သူအားရည်စူး၍ (၂၇-၁၀-၂၀၂၄)ရက် (တနင်္ဂနွေနေ့)၊ နံနက် (၇:၀၀) နာရီတွင် ခြံအမှတ်(၅)၊ သူရ (၆)လမ်း၊ (၉)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးထွန်း
## (RIT -1976 Batch,B.E Civil)
## အသက်(၇၄)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်နေ (ဦးထွန်းမြင့်-ဒေါ်ညွန့်တင်)တို့၏သားကြီး၊ (ဦးပါ-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါက်တာကြည်ဝင်းထွန်း-ပါမောက္ခ ဒေါက်တာ မာလာမြင့်(ပါမောက္ခချုပ်-ငြိမ်း၊ဆေးဝါးတက္ကသိုလ်)၊ (ဒေါက်တာ ပြည့်သက်ထွန်း)-ဒေါက်တာသီတာအောင်(USA)၊(ဦးတင်ထွန်း)-ဒေါ်ချိုချိုဝေ၊ ပါမောက္ခ ဒေါက်တာ သိင်္ဂီမြင့်(ဒုတိယပါမောက္ခချုပ် -ငြိမ်း၊ ဆေးတက္ကသိုလ်(၁)၊ ဦးနေမျိုးထွန်း-ဒေါ်မွန်မွန်သန့်(USA)တို့၏ အစ်ကို၊ ကိုချမ်းမြေ့အောင်-မနှင်းဦးဝေ၊ ကိုမင်းသန့်ကျော်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ဘုန်းသန့်ကျော်နှင့် မမေသကြိန်တို့၏အဘိုး၊ ဒေါ်အေးမာလာ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁၀-၂၀၂၄ရက်(တနင်္လာနေ့) ည၁၀:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အမှတ် ၁၆၈၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖယ်ခုံမြို့၊ ညောင်ကုန်း (၁) ရပ်နေ ဦးချစ်လှိုင်၏သမီး ဒေါ်တင်နွယ်မော် (ခ) ဒေါ်မော်မော် ၂/လကန(နိုင်)၀၄၁၇၄၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ လည်ငေါက်ရွာနေ ဦးဖိုးကြူး၏သမီး မသင်းသင်းအေး ၅/ယမပ(နိုင်)၁၃၂၂၀၄၏ နိုင်ငံကူး လက်မှတ်နံပါတ် MG-536028 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၃၉၇၅၅၃၈**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ လည်ငေါက်ရွာနေ ဦးဖိုးကြူး၏သမီး မနှင်းယုမော် ၅/ယမပ(နိုင်)၁၄၂၁၆၈ ၏ နိုင်ငံကူး လက်မှတ်နံပါတ် MG-458400 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၃၉၇၅၅၃၈**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဖွဲ့ကပင်လမ်းနေ ဦးစောလမင်းထိန်(ဘ)ဦးစောတင်သန်း ၃/ဘအန(နိုင်) ၁၉၉၂၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ဦးစောလမင်းထိန်၏ ဇနီးဖြစ်သူ နန်းတင်မေထွန်း(ခ)နန်း မေရီထွန်း၃/ဘအန(နိုင်)၁၈၉၁၆၅သည်ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့်အတွက် ဦးစောလမင်းထိန် အနေဖြင့် များစွာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည်မှ နန်းတင်မေထွန်း(ခ)နန်းမေရီထွန်း အား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ငွေကြေးအရှုပ်အရှင်းပြဿနာများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း၊ နောက်နောင် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြသန္တာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၀၇)**
**ဦးအောင်မြတ်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ဘားအံမြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၀၂၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/72910, TVS ROCK Z 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထိုက် ၁၄/ကကန(နိုင်)၁၀၇၃၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

**သွေးသည် အသက်**

❖ MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူများ အနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ မုန်တိုင်းငယ်၏အရှိန်ကြောင့် အောက်တိုဘာ ၂၄ ရက်အတွင်း အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်




နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၂၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ် ဆာဂါကျွန်း၏ တောင် – အရှေ့တောင်ဘက် ရေမိုင် ၃၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက် နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ❖



## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ မြန်မာနှင့် ယီမင် ယနေ့ကစားမည်

ပြည်တွင်းသတင်း စာ ၁၈

## FIFA International "A" Friendly Matches ခြေစမ်းပွဲ ယှဉ်ပြိုင်မှုကို မြန်မာ့ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၂

FIFA International "A" Friendly Matches ခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် တရုတ်(ဟောင်ကောင်) လက်ရွေးစင်အမျိုးသမီး အသင်းတို့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်အချိန်မှစတင်၍ MRTV HD Channel ၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။ သတင်းစဉ်

### ယနေ့ သတင်းအညွှန်း

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကုလသမဂ္ဂညီလာခံ ကိုလံဘီယာတွင် ကျင်းပ — နိုင်ငံတကာသတင်း စာ ၁၃

အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများ ဖြစ်ကြောင်း အသိပေးနှိုးဆော်ချက် — ပြည်တွင်းသတင်း စာ ၁၈

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တိရစ္ဆာန်အစားအစာများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ — ပြည်တွင်းသတင်း စာ ၂၀

## နော်တင်ဟမ်ဖောရက်စ်က ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ယူပြီး ပထမဆုံး အိမ်ကွင်းနိုင်ပွဲရ



ပရီမီယာလိဂ်ပွဲစဉ် (၈) ပွဲကျန်မှ နော်တင်ဟမ်ဖောရက်စ်နှင့် ခရစ္စတယ်ပဲလေ့စ် အသင်းပွဲစဉ်ကို အောက်တိုဘာ ၂၂ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ နော်တင်ဟမ်ဖောရက်စ်အသင်းက အားထားရသည့် တိုက်စစ်ကစားသမား ခရစ္စဝုဒ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ပဲလေ့စ်အသင်းသည် ပထမဆုံး ပရီမီယာလိဂ်နိုင်ပွဲရရှိရေးအတွက် အင်ခ်ီတီယာ၊ ကမာဒါ၊ အယ်ဇေစသည့်အားထားရသည့် ကစားသမားအစုံအလင်ဖြင့် အသင်းကို အကောင်းဆုံးပြင်ဆင်လာခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❐